မြန်မာ သတင်းလွှာ

A month-in-review of events in Burma

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၇၅ ၂၀၁၃ ခု မတ်လ

ယခုလသတင်းစဉ်အညွှန်း

ပင်မ သတင်းခေါင်းစဉ်
၂ မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှု
၂ တိုက်ခိုက်မှုများပျံ့နှံ့လာ
၃ နိုင်ငံတကာအသိုင်းအဝိုင်းမှပူပန်လာ
မြန်မာနိုင်ငံပြည်တွင်းသတင်း
၅ မုံရွာကြေးနီမိုင်း
၆ စစ်အသုံးစရိတ်တိုးမြင့်လာ
၆ လွှတ်တော်အစည်းအဝေးပြီးဆုံး
၆ NLD ညီလာခံကျင်းပ
၇ ကချင်ပြည်နယ်မှတိုက်ပွဲများ
၇ ရှမ်းပြည်နယ်မှတိုက်ပွဲများ
၈ ရေကာတာစီမံကိန်းများ
လူ့အခွင့်အရေးဆိုင်ရာ
၈ စာနယ်ဇင်းဥပဒေသစ်ကိုပြင်းထန်စွာဝေဖန်
၈ အိုဂျေကွင်တားနား၏ အစီရင်ခံစာ
၉ UNHRC ဆုံးဖြတ်ချက်
၁၀ မြေယာသိမ်းခံရမှုများ အထောက်အထား မှတ်တမ်းတင်
အိုးအိမ်မှဖယ်ရှားခံရမှုများ
၁၀ ရိုဟင်ဂျာလှေစီးဒုက္ခသည်များထွက်ပြေး
၁၁ ရွှေ့ပြောင်းအလုပ်သမားများ မတရားဖိနှိပ်မှုများနှင့်ရင်ဆိုင်ရ
နိုင်ငံတကာရေးရာ
၁၂ ဦးသိန်းစိန်၏နိုင်ငံခြားခရီးစဉ်များ
စီးပွားရေး
၁၃ ရေနံနှင့်သဘာဝဓါတ်ငွေ့လောင်စာရင်းနှီးမြုပ်နှံမှု
၁၃ **အခြားမြန်မာပြည်ဆိုင်ရာသတင်း များ**
၁၆ **အစီရင်ခံစာများ**

- မန္တလေးတိုင်းအတွင်း လေးမြို့နယ်နှင့် ပဲခူးတိုင်းအတွင်း ရှစ်မြို့နယ်တို့တွင်ဖြစ်ပွားခဲ့သည်ဟုသတင်းရရှိသော မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများနှင့်အတူ ပြင်းထန်သည့်ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများ မြန်မာနိုင်ငံအလယ်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည်။
- မြန်မာပြည်အလယ်ပိုင်းတွင်ဖြစ်ပွားခဲ့သော ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းမှစိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဂျေကွင်တားနား ကမွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ၌ အစိုးရအာဏာပိုင်များ ပူးပေါင်းပါဝင်နေသည်ဟု အစီရင်ခံစာများတွင် တွေ့ရှိနေရကြောင်း ပြောကြားလိုက်သည်။
- စီမံကိန်းကြောင့် ဆိုးဝါးစွာထိခိုက်ခံရသောရွာသားများ အားလုံလောက်စွာလျော်ကြေးပေးခြင်းဖြင့် မုံရွာကြေးနီစီမံကိန်းတိုးချဲ့ခြင်းလုပ်ငန်းကိုဆက်လက်လုပ်ဆောင်ရန် အစိုးရမှခန့်အပ်ထားသော စုံစမ်းရေးကော်မရှင်ကအကြံပြုလိုက်သည်။
- ယခင်နှစ်ကထက်စစ်အသုံးစားရိတ် ၁၉% တိုးထားသော ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ကို လွှတ်တော်က အတည်ပြုလိုက်သည်။
- အစိုးရတပ်များက ရှမ်းပြည်မြောက်ပိုင်းနှင့်ကချင်ပြည် နယ်တို့တွင် KIA တပ်များအားဆက်လက်ထိုးစစ်ဆင်နေကြသည်။ နှစ်လဆက်တိုက်အချိန်အတွင်း ပြုလုပ်သည့် ဆွေးနွေးပွဲများမှ အပစ်အခတ်ရပ်စဲအောင် မပြုလုပ်နိုင်ခဲ့ ပေ။
- ဥပဒေကြမ်းအသစ်တွင်ပါဝင်သည့် စာနယ်ဇင်းများအပေါ် ကန့်သတ်မှုများနှင့် စာပေစီစစ်ရေးဘုတ်အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်းတို့ကြောင့် အစိုးရမှစာနယ်ဇင်းလွတ်လပ်ခွင့်ကို ဆက်လက်၍ဆိုးဝါးစွာထိန်းချုပ်နှိပ်ကွပ်ထားမည်လောဟူသောစိုးရိမ်မှုများမြင့်တက်လာကြသည်။
- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံ ၏လူ့အခွင့်အရေးအခြေအနေအပေါ်တွင် အားလုံးသဘောတူညီချက်ဖြင့်ဆုံးဖြတ်ချက်တခုချမှတ်ခဲ့ကာ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ သက်တမ်းကိုနောက်ထပ်တနှစ်တိုးပေးလိုက်သည်။
- သမ္မတဦးသိန်းစိန်သည် ဥရောပ၊ နယူးဇီလန်နှင့်သြစတေးလျတို့မှ ခေါင်းဆောင်များနှင့်တွေ့ဆုံသည့်အစည်းအဝေးများအတွင်းတွင် အကူအညီအထောက်အပံ့များ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှု - အခွင့်အလမ်းများကိုအဓိကထားဆွေးနွေးခဲ့သည်။ နိုင်ငံတကာအထောက်အပံ့များတည်မြဲစေရန် ဖိတ်ခေါ်ကမ်းလှမ်းရာ၌ ဦးသိန်းစိန်ကတနိုင်ငံလုံးတွင် မည်သည့်စစ်ပွဲမှမရှိတော့ပါဟု ပြောကြားခဲ့သည်။

ပင်မသတင်းများ

မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများ မိတ္ထီလာတွင်ဖြစ်ပွား

မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအတွင်းတို့တွင်ဖြစ်ပွားခဲ့သည်ဟုသတင်းရရှိသော မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများနှင့် အတူ ပြင်းထန်သည့်ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများ မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်တွင်မြန်မာနိုင်ငံအ လယ်ပိုင်း၌ဖြစ်ပေါ်ခဲ့သည်။

မတ်လ ၂၀ ရက်နေ့ကမန္တလေးတိုင်း၊ မိတ္ထီလာမြို့မှ မွတ်စလင်ဆိုင်ပိုင်ရှင်နှင့်ဗုဒ္ဓဘာသာဈေးဝယ်သူနှစ်ဦးတို့အကြား အငြင်းပွားမှုသည် မြို့၏နေရာတော်တော်များများသို့ အဓိကရုဏ်းများအဖြစ်လျင်မြန်စွာပြန့်နှံ့သွားစေခဲ့ကာ အရှိန်မြင့် သွားခဲ့သည်။ ရဲများကအကြမ်းဖက်မှုများကိုထိန်းသိမ်းရန်ပျက်ကွက်ခဲ့ပြီး တိုက်ခိုက်မှုများပျံ့နှံ့နေစဉ်တွင်မလှုပ်မရှားရပ် နေခဲ့ကြသည်။ အခြေအနေကိုထိန်းသိမ်းရန်လုပ်ဆောင်မှုအနေဖြင့် အစိုးရကညမထွက်ရအမိန့်ကိုထုတ်ပြန်ခဲ့သည်။ ထို သို့လုပ်ဆောင်ခဲ့သော်လည်း နောက်ထပ်နှစ်ရက်အထိအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ အဓိကရုဏ်းတွင် ပါဝင်သူတို့သည် မွတ်စလင်လူထုအားအဓိကပစ်မှတ်ထားခဲ့ကြသည်။ ဗုဒ္ဓဘာသာလူအုပ်စုများသည် မွတ်စလင်များနေထိုင် သည့်ရပ်ကွက်များတလျှောက် ပြေးလွှားသောင်းကျန်းခဲ့ကြသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးအချို့အပါအဝင် အဓိကရုဏ်းတွင်ပါဝင်သူများသည် ပြည်တွင်းပြည်ပသတင်းဌာနများအတွက် ပဋိပက္ခနှင့်ပတ်သက်၍ သတင်းယူခဲ့ကြသည့် သတင်းထောက်များကိုလည်း ခြိမ်းခြောက်တိုက်ခိုက်ခဲ့ကြသည်။

မတ်လ ၂၂ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် မန္တလေးတိုင်း မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်နှင့် မလှိုင်မြို့နယ် များ၌စစ်အုပ်ချုပ်ရေးကြေငြာခဲ့သည်။ မတ်လ ၂၃ ရက်နေ့တွင်အစိုးရစစ်သားရာပေါင်းများစွာတို့သည် မိတ္ထီလာမြို့ ၏အဓိကနေရာများတွင် တပ်စွဲလိုက်ကြပြီးမြို့ထဲ၌တည်ငြိမ်အေးချမ်းလာစေရန်ကြိုးပမ်းခဲ့ကြသည်။

မတ်လ ၂၅ ရက်နေ့တွင် အစိုးရကမိတ္ထီလာအကြမ်းဖက်မှုတွင် သေဆုံးသူ ၄၀ ဦးရှိခဲ့သည်ဟုကြေငြာခဲ့သော်လည်း မွတ်စလင်မည်မျှဖြစ်ကာ ဗုဒ္ဓဘာသာမည်မျှဖြစ်သည်ဟု မသိရှိခဲ့ရပါ။ ပဋိပက္ခများကြောင့် အဆောက်အဦး ၈၀၀ ကျော်နှင့် ဗလီ ၁၃ လုံးအဖျက်ဆီးခံခဲ့ရသည်။ မတ်လ ၂၇ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စများပူးပေါင်းဆောင်ရွက်ရေးရုံး (OCHA) က မိတ္ထီလာမြို့မှအကြမ်းဖက်မှုများကြောင့် လူဦးရေ ၁၂,၈၀၀ ကျော်အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ အများစုဖြစ်သောမွတ်စလင်များသည်ဘောလုံးကွင်း၊ စာသင်ကျောင်းများနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံခဲ့ကြရသည်။

တိုက်ခိုက်မှုများပျံ့နှံ့နေကာ ဦးသိန်းစိန်မှအင်အားသုံးရလိမ့်မည်ဟုသတိပေးပြောကြား

မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများသည် မိတ္ထီလာမှတဆင့်မန္တလေးတိုင်းအတွင်းအခြားသုံးမြို့နယ်နှင့် ပဲခူးတိုင်းအ တွင်းရှိရှစ်မြို့နယ်တို့သို့လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။ တိုက်ခိုက်မှုများသည်ပိုင်ဆိုင်မှုပစ္စည်းများကို နောက်ထပ်ပျက်စီးစေ ခဲ့သော်လည်း အသက်ဆုံးရှုံးမှုများမဖြစ်ပေါ်ခဲ့ပါ။

- **မတ်လ ၂၃** - မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တွင် အများစုမှာမွတ်စလင်များပိုင်ဆိုင်ကြသည့် အိမ်အလုံး ၄၀ နှင့် ဗလီတခုတို့ကို လူအုပ်စုတစုကမီးတင်ရှို့ခဲ့ကြသည်။
- **မတ်လ ၂၃** - မန္တလေးတိုင်း လယ်ဝေးမြို့နယ်တွင် အဆောက်အဦးတော်တော်များများ နှင့်ဗလီတခုတို့ကို လူအုပ်စု တစုကမီးတင်ရှို့ခဲ့ကြသည်။
- **မတ်လ ၂၄** - မန္တလေးတိုင်း တံခွန်မြို့နယ်တွင်ဗလီတခုနှင့်အိမ်လေးလုံးတို့ကို လူအယောက် ၂၀ လောက်ကဖျက်ဆီး ခဲ့ကြသည်။

- **မတ်လ ၂၅** - ပဲခူးတိုင်း အုတ်ဖိုမြို့နယ်တွင် မွတ်စလင်များပိုင်ဆိုင်သည့် အိမ်အလုံး ၆၀ ခန့်နှင့်ဗလီတခုတို့ကိုလူ ၂၀၀ ခန့်ပါဝင်သည့် လူအုပ်စုတစုက ဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၅** - ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်တွင် မွတ်စလင်များနေထိုင်ရာရပ်ကွက်အတွင်းမှ အိမ်အလုံး ၃၀ နှင့် ဗလီတခုတို့ကို လူအုပ်စုတစုကထိခိုက်ပျက်စီးစေခဲ့သည်။
- **မတ်လ ၂၆** - ပဲခူးတိုင်း နတ္တလင်းမြို့နယ်မှ အိမ်များနှင့်ဗလီတခုတို့ကိုလူ ၂၀၀ ခန့်ပါဝင်သည့် လူအုပ်စုတစုက ဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၇** - ပဲခူးတိုင်း မင်းလှမြို့နယ်တွင် မွတ်စလင်များပိုင်ဆိုင်သောပစ္စည်းများနှင့် ဗလီတခုတို့ကိုလူအုပ်စုတစုကဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၇** - ပဲခူးတိုင်း ဇီးကုန်းမြို့နယ်တွင် လူ ၁၀၀ ခန့်ပါဝင်သောလူတစုက မွတ်စလင်များပိုင်ဆိုင်သော ပစ္စည်းများကိုမွှေနှောက်ရှာဖွေကာ ဗလီတခုကိုလည်းလုယက်ဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၇** - ပဲခူတိုင်း သဲကုန်းမြို့နယ် ပုတီးကုန်းတွင် ဗလီတခုနှင့်မွတ်စလင်များပိုင်ဆိုင်သည့် ပစ္စည်းများကိုလူတစုက ဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၇** - ပဲခူးတိုင်း မွန်မြို့နယ်ရှိ မွတ်စလင်များပိုင်ဆိုင်သည့် အိမ် ၁၀၀ ခန့်နှင့်ဗလီတခုတို့အား လူတစုက လုယက်ဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၈** - ပဲခူးတိုင်း မင်းလှမြို့နယ်တွင်မွတ်စလင်များပိုင်ဆိုင်သည့်အိမ် ၁၂ လုံးနှင့်ဗလီ ၂ ခုတို့ကိုလူတစုက ဖျက်ဆီးခဲ့ကြသည်။
- **မတ်လ ၂၈** - ပဲခူးတိုင်း လက်ပံတန်းမြို့နယ်တွင်လည်း တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်ဟု သတင်းရရှိခဲ့သည်။

ပဲခူးတိုင်းမှ ကြို့ပင်ကောက်မြို့နယ်၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ နတ္တလင်းမြို့နယ်နှင့်ဇီးကုန်းမြို့နယ်တို့တွင် အစိုးရမှ ည ၆ နာရီမှမနက် ၆ နာရီအိမ်ပြင်မထွက်ရကာဖျူးအမိန့်ကို မတ်လ ၂၆ - ၂၇ ရက်နေ့များတွင်ထုတ်ပြန်ခဲ့သည်။ မတ်လ ၂၈ ရက်တွင်သမ္မတဦးသိန်းစိန်က ရုပ်မြင်သံကြားမှတဆင့်မိန့်ခွန်းပြောကြားရာတွင် ဘာသာအယူအဆများအကြားတွင် အမုန်းတရားကိုဖန်တီးခဲ့သည့်အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူများနှင့် ဘာသာရေးအစွန်းရောက်များအား ပစ်တင်ပြောကြားလိုက်ပြီး ဘာသာရေးအကြမ်းဖက်မှုများကိုနှိမ်နင်းရန်အတွက် နောက်ဆုံးအဆင့်အနေနှင့် အင်အားသုံးရန်တုံ့နေးနေမည်မဟုတ်ဟု သတိပေးပြောကြားလိုက်သည်။ မတ်လ ၂၉ ရက်နေ့တွင် မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့မှတိုက်ခိုက်မှုများနှင့် ပတ်သက်သည့်သူ ၆၈ ဦးအားဖမ်းဆီးထားပြီဖြစ်ကြောင်း အစိုးရမှပြောကြားခဲ့သည်။ မတ်လ ၃၀ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က ဖြစ်ပွားနေသောအကြမ်းဖက်မှုများကို ကိုင်တွယ်ရန်တာဝန်ပေးအပ်ထားသည့်အဖွဲ့ဝင် ၁၀ ဦးပါကော်မတီတခုကိုအစိုးရဝန်ကြီး ၅ ဦး၊ ဒုဝန်ကြီး ၅ ဦးတို့ နှင့်ဖွဲ့စည်းပေးခဲ့သည်။

မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများသည် ရန်ကုန်မြို့သို့ကူးစက်ပျံ့နှံ့လာခြင်းမရှိခဲ့ပေ။ သို့သော်မြို့တော်ဟောင်း၏ အခြေအနေမှာ မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ ဖြစ်ပေါ်တော့မည်ဟု ပျံ့နှံ့နေသော ကောလဟာလများဖြင့် တင်းမာလျက်ရှိနေပါသည်။ အစိုးရကမွတ်စလင်အများစုနေထိုင်သည့်ဒေသများသို့ ရဲများအားစေလွှတ်ခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် တာမွေမြို့နယ်နှင့်ပုဇွန်တောင်မြို့နယ်တို့မှစီးပွားရေးလုပ်ငန်းများအား ည ၉ နာရီတွင်ပိတ်ကြရန် အစိုးရအာဏာပိုင်များကအမိန့်ထုတ်ပြန်ခဲ့သည်။ မတ်လ ၂၆ ရက်နေ့တွင် အာဏာပိုင်များကထိုအမိန့်ကို မင်္ဂလာတောင်ညွန့်နှင့် သာကေတမြို့နယ်များအတွက်ပါတိုးချဲ့ထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းမှစိုးရိမ်ပူပန်မှုများကိုဖော်ပြကြကာ အစိုးရအားအရေးယူမှုများပြုလုပ်ရန် တောင်းဆို

မတ်လထဲတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာပြည်အလယ်ပိုင်းတွင်ဖြစ်ပွားခဲ့သော ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လွန်စွာစိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပြသခဲ့ကြသည်။ UN ကအစိုးရမှပါဝင်ပတ်သက်နေနိုင်မှုအပါအဝင် အကြမ်းဖက်မှု၏စိုးရိမ်ဖွယ်ရာလက္ခဏာများကို ဖော်ပြခဲ့သည်။ မတ်လ ၂၆ ရက်နေ့တွင် UN အထွေထွေအတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ဗီဂျေးနမ်ဗီးယားက အကြမ်းဖက်မှုများအတွင်းမွတ်စလင်များကို ရှင်းလင်းစွာပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ တိုက်ခိုက်မှုများကို "အချိန်တိုအတွင်းရက်စက်ထိရောက်စွာ" လုပ်ဆောင်ခဲ့ကြသည်ဟုပြောကြားလိုက်သည်။ မတ်လ ၂၈ ရက်နေ့တွင်ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက အကြမ်းဖက်မှု၏အချို့အပိုင်းများတွင်အစိုးရမှပါဝင်ပတ်သက်မှုရှိ

သည်ဟု ဖော်ပြထားသောအစီရင်ခံစာများကိုလက်ခံရရှိထားပါသည်ဟု ပြောကြားလိုက်သည်။ အိုင်ရေကွင်တားနားက အစိုးရသည်နိုင်ငံအနှံ့တွင်မွတ်စလင်ဆန့်ကျင်ရေး အမုန်းတရားများနှင့်ခွဲခြားဆက်ဆံမှုများပျံ့နှံ့နေခြင်းကို ကိုင်တွယ်ရန် သို့မဟုတ် မွတ်စလင်အသိုင်းအဝိုင်းအား တိုက်ခိုက်ရန်နှိုးဆွပေးသည့် အုပ်စုများဖွဲ့ခြင်းကို ကိုင်တွယ်ရန် လုံလောက်စွာ မလုပ်ဆောင်ခဲ့ပါဟုလည်း ပြောကြားလိုက်သည်။

ယခုကိစ္စနှင့်ပတ်သက်၍ အာဆီယမ်သည် သိသိသာသာတိတ်ဆိတ်နေစဉ်တွင် အခြားနိုင်ငံတကာအသိုင်းအဝိုင်းကမူ စိုးရိမ်မှုများကိုဖော်ထုတ်ပြောကြားကြကာ ပြန်လည်တည်ငြိမ်အောင်ပြုလုပ်ရန်၊ လူထုများအားအကာအကွယ်ပေးရန်နှင့် အကြမ်းဖက်မှုများဖြစ်စေသည့် အဓိကအခြေခံအကြောင်းအရာများကိုကိုင်တွယ်ဖြေရှင်းရန် အစိုးရအားတောင်းဆိုလိုက်သည်။

- **မတ်လ ၂၁** - မြန်မာနိုင်ငံရှိ ကုလသမဂ္ဂနေထိုင်သူနှင့်လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး Ashok Nigam ကမန္တလေးတိုင်း မိတ္ထီလာမှအကြမ်းဖက်မှုများအပေါ်တွင် အထူးစိုးရိမ်မိကြောင်းပြောဆိုလိုက်ကာ ဘက်အားလုံးမှ "သည်းခံမှုနှင့်ထိန်းချုပ်မှု" တို့ရှိကြရန်နှင့် အခြေအနေကိုအေးချမ်းသွားစေရန် နိုင်ငံရေး၊ ဘာသာရေးခေါင်းဆောင်များ မှလုပ်ဆောင်ကြပါရန်တောင်းဆိုလိုက်သည်။
- **မတ်လ ၂၁** - UK FCO (နိုင်ငံခြားရေးနှင့်ဓနသဟာယရုံး) လွှတ်တော်ဆိုင်ရာနိုင်ငံခြားရေးဒုဝန်ကြီး Alistair Burt ကမန္တလေးတိုင်း မိတ္ထီလာမှအကြမ်းဖက်မှုများအပေါ်တွင် UK မှအထူးစိုးရိမ်မိကြောင်းပြောဆိုလိုက်ကာ အဓိကဖြစ်ပွား စေခဲ့သောကိစ္စများကိုကိုင်တွယ်ဖြေရှင်းရန်အတွက် လူထုအဖွဲ့အစည်းများနှင့် အလုပ်လုပ်ရန်နှင့် အရပ်သားများအား အကာအကွယ်ပေးရန် အစိုးရအားတောင်းဆိုလိုက်သည်။
- **မတ်လ ၂၃** - EU နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ် Catherine Ashton က မန္တလေးတိုင်းမှ အကြမ်းဖက်မှုများအားအဆုံးသတ်ရန် သက်ဆိုင်သူအားလုံးအားတောင်းဆိုလိုက်ပြီး အစိုးရအား လည်းအရပ်သားများအားအကာအကွယ်ပေးရန်နှင့် အကြမ်းဖက်မှုဖြစ်စေသောအဓိကအကြောင်းအရင်းများကိုစုံစမ်း စစ်ဆေးပေးပါရန်တောင်းဆိုလိုက်သည်။
- **မတ်လ ၂၆** - ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မျိုးဖြုတ်သတ်ဖြတ်မှုများကာကွယ်ရေးဆိုင်ရာ အထူးအကြံပေး Adama Dieng ကမြန်မာနိုင်ငံရှိလူ့အဖွဲ့အစည်းများအကြား ပြန်လည်သင့်မြတ်ရေးနှင့်သည်းခံစိတ် ရှည်မှုကိုမြှင့်တင်ပေးရန်နှင့် နောက်ထပ်မည်သည့်အကြမ်းဖက်မှုမျိုးမှမဖြစ်ပေါ်လာစေရန်အတွက် ကာကွယ်ပေးမည့် စနစ်များကိုလုပ်ဆောင်ပါရန်အစိုးရအားတိုက်တွန်းလိုက်သည်။
- **မတ်လ ၂၆** - အမေရိကန်နိုင်ငံခြားရေးဌာနက မြန်မာနိုင်ငံအလယ်ပိုင်းတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအပေါ် အထူးစိုးရိမ်မိကြောင်းပြောကြားလိုက်ကာ လူ့အခွင့်အရေးနှင့်တရားနည်းလမ်းကျသောလုပ်ဆောင်မှုများကိုလေးစား လိုက်နာလျက် တည်ငြိမ်အေးချမ်းမှုကိုပြန်လည်ထိန်းသိမ်းပါရန် အစိုးရအားတိုက်တွန်းလိုက်သည်။

ထို့အပြင် အဓိကမွတ်စလင်နိုင်ငံနှစ်ခုကရော အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ကပါ အကြမ်းဖက်မှု များနှင့်ပတ်သက်၍ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ တူရကီနှင့်အီရန်နိုင်ငံတို့က မိတ္ထီလာတွင်ဖြစ်ပွားခဲ့သောအ ကြမ်းဖက်မှုများအဆုံးသတ်ရန်၊မွတ်စလင်များအားအကာအကွယ်ပေးရန်နှင့်ကျူးလွန်သူများအား ဖမ်းဆီးအရေးယူရန်တို့ အတွက် အစိုးရမှလိုအပ်သောလုပ်ဆောင်မှုများပြုလုပ်ရန်တောင်းဆိုလိုက်သည်။ OIC ကမြန်မာနိုင်ငံအလယ်ပိုင်းမှ မွတ်စလင်များအပေါ်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကို ပြင်းထန်စွာရှုံ့ချလိုက်ကာ အရပ်သားအားလုံး၏အသက် အိုးအိမ်တို့အားအကာအကွယ်ပေးရန်နှင့် အဓိကဖြစ်ပေါ်ရသောအကြောင်းအရင်းတို့ကို ကိုင်တွယ်ဖြေရှင်းပါရန် အစိုးရ အားတောင်းဆိုလိုက်သည်။

မုံရွာကြေးနီမိုင်းတိုးချဲ့ရေးအားဆက်လက်လုပ်ဆောင်ရန်

မတ်လ ၁၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အစိုးရမှခန့်အပ်ထားသော ကော်မရှင်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှ မုံရွာကြေးနီမိုင်း၏ အလားအလာများနှင့်ပတ်သက်သည့် ၎င်းတို့၏အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာက မိုင်းစီမံကိန်းသည် သဘာဝပတ်ဝန်းကျင်ကာကွယ် စောင့်ရှောက်ရေးအတွက် အားကောင်းသောစနစ်များမရှိခြင်းနှင့် ဒေသခံများအတွက်အလုပ်အကိုင်အခွင့်အလမ်း များမဖန်တီးပေးနိုင်ခြင်းတို့ကို အသိအမှတ်ပြုထားသည်။ သို့သော်လည်း ထိုအစီရင်ခံစာက တရုတ်နိုင်ငံနှင့်တင်းမာမှုကိုရှောင်ရှားနိုင်ရန်နှင့် နောင်တွင် ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများအားမဝင်ချင်လာအောင်လုပ်သလိုမဖြစ်စေရန်အတွက် မိုင်းစီမံကိန်းချဲ့ထွင်ခြင်းကို ဆက်လက်လုပ်ဆောင်ရန် အကြံပြုထားပါသည်။ အစီရင်ခံစာက လယ်သမားများအားမူလကပေးထားသောလျော်ကြေး ဖြစ်သည့် တဧကလျှင် ၅ ကျပ် ၈၀ ပြား (အမေရိကန်ဒေါ် လာ ၀.၀၉) သည်မလုံလောက်ကြောင်းဖော်ပြထားသည်။ ထို့ကြောင့်လည်း စီမံကိန်းကိုဆက်လက်မလုပ်ကိုင်မီ တွင် အာဏာပိုင်များမှစုစုပေါင်းမြေဧက ၆၇၈၄ ဧကအတွက် တဧကလျှင် ကျပ် ၁၅ သိန်း (အမေရိကန်ဒေါ်လာ ၁၇၃၀) နှုန်းဖြင့်လျော်ကြေးပေးပါရန် အကြံပြုထားသည်။ စီမံကိန်းဆန့်ကျင်ရေးဆန္ဒပြသူများအပေါ် နိုဝင်ဘာလ ၂၉ ရက်နေ့ကဖြိုခွဲခဲ့မှုနှင့်ပတ်သက်၍ အစီရင်ခံစာကရဲများသည် ဖော့စဖရပ် (မီးစုန်း)ပါသော မီးခိုးဗုံးများကိုအသုံး ပြုခဲ့သည်ဟုဖော်ပြခဲ့ကာ ဘုန်းတော်ကြီးများအပါအဝင်လူဒါဇင်များစွာ တို့ ထိုဖြစ်ရပ်တွင်ဒါဏ်ရာရခဲ့သည်ကိုလည်း အသိအမှတ်ပြုဖော်ပြထားသည်။ ကော်မရှင်ကမီးခိုးဗုံးမည်သို့အလုပ်လုပ် သည်ကို ကြိုတင်မသိရှိခဲ့သည့်အတွက် ရဲအဖွဲ့အားအပစ်တင်ထားကာ ရဲတပ်ဖွဲ့အားအဓိကရုဏ်းနှိမ်နင်းရေးသင်တန်း များဖြင့် လေ့ကျင့်သင်ကြားပေးသင့်ကြောင်းအကြံပြုထားပါသည်။

မုံရွာကြေးနီစီမံကိန်းတိုးချဲ့ခြင်းအားဆန့်ကျင်ဆန္ဒပြခဲ့သည့် ရွာသားများနှင့်တက်ကြွလှုပ်ရှားသူများသည် အစီရင်ခံစာ၏ တွေ့ရှိချက်များကိုလက်မခံပဲ စီမံကိန်းဆန့်ကျင်ရေးလှုပ်ရှားမှုများကိုဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့ သည်။ နိုဝင်ဘာလ ၂၉ ရက်ဖြိုခွဲခဲ့မှုအတွက်တာဝန်ရှိသောအစိုးရအရာရှိများအတွက် တာဝန်ယူမှု၊တာဝန်ခံမှုကိစ္စကို မကိုင်တွယ်ခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူများနှင့်အချို့ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက အစီရင်ခံစာအားဝေဖန်ခဲ့ ကြသည်။

မတ်လ ၁၁ ရက်တွင်သမ္မတဦးသိန်းစိန်သည် အစီရင်ခံစာ၏အကြံပြုချက်များကို အကောင်အထည်ဖော်ရန်တာဝန်ရှိ သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့်ကော်မတီကိုဖွဲ့စည်းခန့်အပ်ခဲ့သည်။ ထိုကော်မရှင်တွင် အစိုးရအရာရှိ ၁၃ ဦး၊ စီမံကိန်း အားလုပ်ဆောင်နေသည့် ဘက်နှစ်ဘက်ဖြစ်သော တရုတ်ဝမ်ပေါင်ကုမ္ပဏီနှင့် စစ်တပ်၏ကော်ပိုရေး ရှင်းလုပ်ငန်းကြီး ဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင် (UMEH) တို့မှကိုယ်စားလှယ်များပါဝင်ပါသည်။ မတ်လလယ်တွင် အစိုးရအာဏာပိုင်များသည် စီမံကိန်းတိုးချဲ့ခြင်းကြောင့် သိမ်းယူခဲ့သောမြေယာများအတွက်လယ်သမားများအား လျော်ကြေးများစတင်ပေးခဲ့သည်။ လယ်သမားအချို့က လက်ရှိပေါက်ဈေးထက်အလွန်နိမ့်ကျနေသောကြောင့် ထိုလျော် ကြေးကိုမယူရန်ငြင်းဆန်ခဲ့ကာ အခြားလယ်သမားများကမူ စီမံကိန်းအား ဆက်လက်ဆန့်ကျင်သွားမည်ဖြစ်သည့်အတွက် ကမ်းလှမ်းလာသောလျော်ကြေးကို လက်ခံရန်ငြင်းဆန်ခဲ့ကြခြင်းဖြစ်သည်။ ဧပြီလ ၁ ရက်နေ့တွင် အစိုးရသတင်းစာဖြစ် သော မြန်မာ့အလင်းသတင်းစာက မတ်လ ၁၆ ရက်မှ ၂၉ ရက်အတွင်းတွင် လျော်ကြေးစုစုပေါင်း ၁.၇ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၁.၉ သန်း)ကိုလက်ခံရယူခဲ့ သောလယ်သမားပေါင်း ၅၃၆ ဦးရှိခဲ့သည်ဟု သတင်းဖော်ပြခဲ့သည်။

မတ်လ ၁၃၊ ၁၄ ရက်တို့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အစီရင်ခံစာ၏အကြံပြုချက်များကိုလက်ခံရန်နှင့် စီမံကိန်း တိုးချဲ့ခြင်းအားဆန့်ကျင်ဆန္ဒပြမှုများအားအဆုံးသတ်ရန်တို့အတွက် ဒေသခံများအားတိုက်တွန်းရန် စစ်ကိုင်းတိုင်း၊ မုံရွာ မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် တို့သို့သွားရောက်ခဲ့သည်။ ရွာသားရာပေါင်းများစွာတို့သည် ဒေါ်စုအားထိပ်တိုက် ရင်ဆိုင်၍ ကော်မရှင်၏အကြံပြုချက်များအပေါ် သူတို့၏ မကျေနပ်မှုများအားပြောဆိုခဲ့ကြသည်။ အစိုးရအရာရှိများမှ ဆန္ဒပြမှုများအားအဆုံးသတ်ရန်အမိန့်ထုတ်ပြန်အပြီးတွင် မတ်လ ၁၅၊ ၁၆ ရက်တို့၌ မုံရွာကြေးနီမိုင်းအနီးရှိ ကျန်ရှိနေ သေးသော ဆန္ဒပြသပိတ်စခန်းသုံးခုအား ဆန္ဒပြသူများမှပိတ်သိမ်းလိုက်ကြသည်။

စစ်အသုံးစရိတ်များတိုးမြင့်လာ

ဦးသိန်းစိန်အစိုးရလက်ထက် ဒုတိယမြောက်ဆက်တိုက်နှစ်အတွက် မြန်မာနိုင်ငံ၏အမျိုးသားဘတ်ဂျက်တွင် စစ်အသုံးစရိတ်မှာမြင့်တက်လာခဲ့သည်။ မတ်လ ၂၁ ရက်နေ့တွင်အမျိုးသားလွှတ်တော်မှ ၂၀၁၃ - ၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားဘတ်ဂျက်ကို ထောက်ခံမဲ ၅၅၅ မဲ၊ ကန့်ကွက်မဲ ၀ မဲ၊ ကြားနေမဲ ၂ မဲဖြင့်အတည်ပြုပေးခဲ့သည်။ ဘတ်ဂျက်သည် လိုငွေ ၂.၉ ထရီလီယံကျပ် (အမေရိကန်ဒေါ်လာ ၃.၃ ဘီလီယံ) နှင့်အတူ ကျပ်ငွေ ၁၆.၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ) အသုံးပြုရန်ရာထား ထားခဲ့သည်။ စစ်တပ်အသုံးစရိတ်သည် ၂.၂၄ ထရီလီယံကျပ် (အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံ)ဖြစ်ကာ ၂၀၁၂ - ၁၃ ဘဏ္ဍာရေးနှစ်က သတ်မှတ်ထားခဲ့သော အသုံးစရိတ် ၁.၈၇ ထရီလီယံကျပ်ထက် ၃၆၇ ဘီလီယံကျပ်၊ ရာခိုင်နှုန်းအားဖြင့်ဆိုလျှင် ၁၉ % ပိုများလာခဲ့သည်။ စစ်တပ်အတွက်အသုံးစရိတ်သည် ဘတ်ဂျက်အားလုံး၏ ၁၃.၄% ရှိပါသည်။ ၎င်းနှင့်ဆန့်ကျင်စွာပင် ပညာရေးနှင့် ကျန်းမာရေးအတွက် ရာထားကုန်ကျစရိတ်များမှာမူ စုစုပေါင်းဘတ်ဂျက် ၏ ၅.၄% နှင့် ၂.၉ % အသီးသီးသာလျှင် ရှိကြသည်။ ဘတ်ဂျက်တွင် အရပ်ဘက်ဝန်ထမ်းများအတွက် လစာနှင့်အငြိမ်းစားလစာတို့အား တလလျှင် ၂၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၃ ဒေါ်လာ) တိုးပေးရန်အတွက် စုစုပေါင်း ၃၈၅ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၄၃၆ သန်း) ကြိုတင်သတ်မှတ်ထားသည်။

လွှတ်တော်အစည်းအဝေးပြီးဆုံး

မတ်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လွှတ်တော်၏ခြောက်ကြိမ်မြောက်အစည်းအဝေးပြီးဆုံးခဲ့ကာ ဖွန်လ ၂၅ ရက်အထိ ရပ်နားထားမည်ဖြစ်သည်။ ၂၀၁၃ - ၁၄ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်အားအတည်ပြုခြင်း [အထက်မှ *စစ်အသုံးစရိတ်များတိုးမြင့်လာ* ကိုကြည့်ပါ။] အပြင် မတ်လအတွင်း၌လွှတ်တော်မှထူးခြားသောလုပ်ဆောင်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- **မတ်လ ၄** - USDP အမတ် ဦးကျော်ဒင် ခေါ် ဦးဒွေးရီမှတင်သွင်းသည့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတခု တည်ထောင်ရေးအဆိုကိုအမျိုးသားလွှတ်တော်အစည်းအဝေးမှ ကန့်ကွက်မဲ ၈၈ မဲ၊ ထောက်ခံမဲ ၇၆ မဲနှင့်ပယ်ချခဲ့သည်။
- **မတ်လ ၁၈** - အမျိုးသားလွှတ်တော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအား အကောင်အထည်ဖော်ရန်စည်းမျဉ်းများ အားအတည်ပြုပေးခဲ့သည်။ စည်းမျဉ်းများက စိုက်ပျိုးရေး၊ စားသောက်ကုန်၊ ငါးဖမ်းလုပ်ငန်း၊ မြန်မာလူမျိုးများလုပ်ကိုင်နိုင်သောဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့်လူထုကျန်းမာရေးကိုသက်ရောက်မှုရှိနိုင်သောစက်မှုလုပ်ငန်းများစသည်တို့ အပါအဝင်ကန့်သတ်ထားသောကဏ္ဍ ၁၁ ခုတို့တွင်အကျိုးတူပူးပေါင်း လုပ်ကိုင်ရာတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုကို ၂၀% အထိခွင့်ပြုပေးထားသည်။
- **မတ်လ ၂၀** - စစ်တပ်မှရေးဆွဲထားသောဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ရန်အတွက် ကော်မရှင်တခု ဖွဲ့စည်းရန်အတွက် အမျိုးသားလွှတ်တော်မခေါ်မီ ငါးရက်ကပြည်သူ့လွှတ်တော်အစည်းအဝေးတွင် USDP အမတ် ဦးအေးမြင့်ကတင်သွင်းခဲ့သည့်အဆိုကို အမျိုးသားလွှတ်တော်ကအတည်ပြုပေးခဲ့သည်။ ထိုအဆိုကိုထောက်ခံဆွေးနွေးခဲ့သည့် USDP အမတ်များက တိုင်းရင်းသားလူမျိုးများမှ မိမိတို့ဘာသာအုပ်ချုပ်ခွင့်ကိုမြှင့်တင်ခြင်းအားခွင့်ပြုနိုင်ရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်မှုပုံစံပြဌာန်းထားမှုကိုပြောင်းလဲနိုင်ရန်ဖြစ်သည်ဟု ထောက်ပြခဲ့ကြသည်။

NLD ညီလာခံမှ ဒေါ်စုအားပါတီခေါင်းဆောင်အဖြစ်ရွေးချယ်

မတ်လ ၈ ရက်မှ ၁၀ ရက်အထိတွင် NLD သည်၎င်း၏ ပထမဦးဆုံးညီလာခံကို ရန်ကုန်တွင်ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာတနိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၂၅၀ကျော်တို့မှပါတီကိုယ်စားလှယ် ၉၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ သံတမန်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အခြားနိုင်ငံရေးပါတီများမှ ပါတီဝင်များလည်း လေ့လာသူများအဖြစ် ညီလာခံကိုတက်ရောက်ခဲ့ကြသည်။ NLD ကိုယ်စားလှယ်များက ဗဟိုကော်မတီဝင် ၁၂၀ ကိုရွေးချယ်ခဲ့ကြကာ ထိုမှတဆင့် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ CEC ကိုရွေးချယ်ခဲ့ကြသည်။ မူလ ၇ ဦး မှ ၁၅ ဦးသို့တိုးချဲ့လိုက်သော CEC အသစ်တွင်မူလကော်မတီဝင် ၇ ဦးလည်းဆက်လက်ပါရှိခဲ့ကာ အမျိုးသမီး ၄ ဦးနှင့်တိုင်းရင်းသားဒေသများမှ

အဖွဲ့ဝင်များ၏ပိုမိုကျယ်ပြန့်သောကိုယ်စားပြုမှုများပါ ပါဝင်လာခဲ့သည်။ မတ်လ ၁၀ ရက်တွင် ဗဟိုကော်မတီမှ ဒေါ်အောင်ဆန်းစုကြည်အား ပါတီခေါင်းဆောင်အဖြစ် တညီတညွတ်တည်း ရွေးချယ်ခဲ့ကြသည်။

အစိုးရနှင့် KIO ဆွေးနွေးပွဲမှ တိုက်ပွဲများရပ်တန့်သွားအောင်မစွမ်းဆောင်နိုင်ခဲ့

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့်အစိုးရတို့အကြား နောက်ထပ်ဆွေးနွေးပွဲများပြုလုပ်နေသော်လည်း မတ်လထဲတွင် အစိုးရတပ်များက KIA တပ်စခန်းများကိုဆက်လက်တိုက်ခိုက်နေခဲ့သည်။ မတ်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တရုတ်ပြည်ယူနန်ပြည်နယ်၊ ရွှေလီမြို့တွင်တွေ့ဆုံခဲ့ကြသည်။ ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA)၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) တို့မှကိုယ်စားလှယ်များနှင့်အတူ တရုတ်အစိုးရအရာရှိ ၃ ဦးလည်းလေ့လာသူများအဖြစ်တက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့စဉ်က [*၂၀၁၃ ခု ဖေဖော်ဝါရီလ မြန်မာသတင်းလွှာ* ကို ကြည့်ပါ။] နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲအောင် မစွမ်းဆောင်နိုင်ခဲ့ပါ။ နှစ်ဖက်လုံးက တပ်များသွားလာမှုကိုညှိနှိုင်းပြုလုပ်ရန်၊ ဆက်ဆံရေးရုံးများဖွင့်ရန်နှင့် ဧပြီ ၁၀ ရက်မတိုင်ခင်တွင်နောက်ထပ်ဆွေးနွေးပွဲပြုလုပ်ရန် သဘောတူခဲ့ကြသည်။

KIA အားဆက်လက်ဆင်နွှဲနေသော အစိုးရတပ်များ၏ထိုးစစ်များက နောက်ဆုံးပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများကို အားနည်းယုတ်လျော့စေခဲ့သည်။

- **မတ်လ ၅** - ကချင်ပြည်နယ်၊ ချီဖွေမြို့နယ် ပန်ဝါအနီးမှ KIA စခန်းများအား အစိုးရတပ်များက လေကြောင်းမှထိုးစစ်များဆင်နွှဲခဲ့ကြသည်။
- **မတ်လ ၅** - ကချင်ပြည်နယ် မြစ်ကြီးနားမြို့တောင်ဖက်ရှိ ဂတ်ရှန်ရန်းအနီးမှ KIA တပ်များအား အစိုးရတပ်များမှထိုးစစ်များပြုလုပ်ခဲ့သည်။
- **မတ်လ ၉** - ကချင်ပြည်နယ် မိုးမောက်မြို့နယ် လဂျာယန်းတွင် KIA တပ်ဖွဲ့များနှင့်အစိုးရတပ်ဖွဲ့များအကြားတိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **မတ်လ ၁၃** - ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်အနီးရှိ မိုင်းဖြတ် နှင့် ဂျာချိုင်းယန် အကြားတွင် KIA တပ်များနှင့် အစိုးရ ၏ ခမရ ၂၄၁ မှတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **မတ်လ ၁၉** - ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ KIA ၏ ကန်လောစခန်းအား အစိုးရတပ် ခမရ ၄၃၂ မှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သည်။
- **မတ်လ ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်တွင် KIA တပ်များနှင့် အစိုးရတပ်များအကြားတိုက်ပွဲ ဖြစ်ပွားခဲ့ကြသည်။
- **မတ်လ ၂၅** - ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ပန်ဝါအနီးတွင် KIA တပ်များနှင့် အစိုးရတပ်များအကြားတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **မတ်လ ၂၉** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ပန်ဆိုင်းဒေသတွင် KIA တပ်များနှင့် အစိုးရတပ် ခလရ ၆၉ တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။

ထို့အပြင်မတ်လထဲ၌ ကုလသမဂ္ဂအကူအညီပေးရေးဝန်ထမ်းတဦးက ကချင်ပြည်နယ်ထဲတွင် KIA မှ UNအကူအညီပေးရေးယာဉ်တန်းအား ခွင့်ပြုပေးခဲ့သော လုံခြုံသည့်လမ်းကြောင်းကို အခွင့်အရေးယူကာ အစိုးရတပ်များက ၎င်းတို့စခန်းသစ်များတပ်စွဲနိုင်ရန်အတွက် အသုံးချခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သတင်းများကြားသိရသည်။

အစိုးရတပ်များသည် SSA-S နှင့် SSA-N တို့အားဆက်လက်ပစ်မှတ်ထားဆဲ

မတ်လထဲတွင် အစိုးရတပ်များနှင့် ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) ရော ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N) နှင့်ပါတိုက်ပွဲများဆက်လက်ဖြစ်ပွားနေခဲ့သည်။

- **မတ်လ ၁၁** - ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ကျိုင်းလွန်ဒေသတွင် အစိုးရတပ်များနှင့် SSA-S တပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **မတ်လ ၁၂** - ရှမ်းပြည်နယ် တန့်ယန်းမြို့နယ် လွိုင်ဇေမှ SSA-N စခန်းအားအစိုးရတပ် ခလရ ၂၉၁ မှဝင်ရောက်သိမ်းယူခဲ့သည်။
- **မတ်လ ၁၅** - ရှမ်းပြည်နယ် မုန်းပန်မြို့နယ်မှ လွိုင်နာဂတောင်တန်းရှိ SSA-S စခန်းများအား အစိုးရတပ်များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

မြန်မာပြည်အရှေ့ပိုင်းမှရေကာတာများအားဆန့်ကျင်ဆန္ဒပြမှုများ

မတ်လ ၁၄ ရက်တွင် ရေကာတာများအားဆန့်ကျင်ခြင်းနှင့်မြစ်များအတွက်လှုပ်ရှားမှုနိုင်ငံတကာနေ့ဖြစ်သည်နှင့် အညီ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ ဆန္ဒပြသူများသည်စုဝေးခဲ့ကြကာ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအား ဆိုးဝါးစွာထိခိုက်စေသည့်အစိုးရမှကျောထောက်နောက်ခံပေးထားသော ရေကာတာစီမံကိန်းများအား သူတို့၏ဆန့်ကျင်မှုကိုထုတ်ဖော်ပြသခဲ့ကြသည်။

- **ကချင်ပြည်နယ် မြစ်ကြီးနား** - မြစ်ဆုံရေကာတာစီမံကိန်းအား အမြဲတမ်းပိတ်ပစ်ရန်နှင့် ထိုစီမံကိန်းကြောင့် ရွှေ့ပြောင်းခဲ့ရသောဒေသခံများ နေရပ်ဒေသများသို့ပြန်နိုင်ရေးအတွက် ဆုတောင်းမှုပြုလုပ်နိုင်ရန်ရွာသား ၁၀၀ ကျော်တို့စုဝေးခဲ့ကြသည်။
- **ကရင်နီပြည်နယ် ပါစွန်မြို့နယ်** - ကရင်နီပြည်နယ် ဘော်လခဲမြို့နယ်မှရွာသစ်ရေကာတာစီမံကိန်းအား ရပ်တန့်စေရန်အတွက်ဆုတောင်းရန် တက်ကြွလှုပ်ရှားသူများသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတခုတွင်စုရုံးခဲ့ကြသည်။ ကရင်နီပြည်နယ် ပါစွန်မြို့နယ် ဝမ်အော်ဒေသတွင် မတ်လ ၁၄ ရက်နေ့၌ ကြီးမားသောဆုတောင်းပွဲအခမ်းအနားတခုပြုလုပ်ရန်ခွင့်ပြုချက်တောင်းခံထားမှုကို ငြင်းပယ်သည့်စာအား အစိုးရအာဏာပိုင်များက မတ်လ ၁၂ ရက်နေ့တွင် သံလွင်ချစ်သူများအဖွဲ့သို့ပေးပို့ခဲ့သည်။
- **ကရင်ပြည်နယ် ဖာပွန်မြို့နယ်** - မြစ်ကြောင်းတလျှောက် ရေကာတာ ၆ ခုတည်ဆောက်ရန်အစီအစဉ်ကို အစိုးရမှရပ်တန့်ပေးပါရန် တောင်းဆိုရန်အတွက် ဉသုထဒုက္ခသည်စခန်းအနီး သံလွင်မြစ်ကမ်းပါးတွင် ကရင်လူမျိုးအယောက် ၂၀၀၀ ခန့်စုရုံးခဲ့ကြသည်။

မတ်လ ၁၅ ရက်နေ့တွင် ကရင်နီပြည်နယ်ဝန်ကြီးချုပ်ဦးခင်မောင်ဦးက ရွာသစ်ရေကာတာနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများအား စမ်းစစ်မှုကိုနိုင်ငံတကာကျွမ်းကျင်သူများနှင့်ပြုလုပ်မည်ဖြစ်ကာ အကယ်၍ အန္တရာယ်ရှိနိုင်သော အလားအလာများတွေ့ရှိပါက ရေကာတာဆောက်လုပ်မှုကိုရပ်တန့်သွားနိုင်ပါသည်ဟုကြေငြာခဲ့သည်။ ရေကာတာစီမံကိန်းဆက်လုပ်သင့် မလုပ်သင့်ဆုံးဖြတ်ရန်အတွက် ဒေသခံပြည်သူများ နှင့်ဆွေးနွေးညှိနှိုင်းခြင်းထက် နိုင်ငံတကာမှကျွမ်းကျင်သူများအား အစိုးရမှအားကိုးနေသော "ဖွံ့ဖြိုးရေး အထက်မှအောက် လုပ်ငန်းစဉ်" အဖြစ်ဖော်ပြကာ အစိုးရ၏ထိုချဉ်းကပ်မှုကို သံလွင်ချစ်သူများအဖွဲ့မှရှုံ့ချလိုက်သည်။

လူ့အခွင့်အရေးဆိုင်ရာ

စာနယ်ဇင်းဥပဒေသစ်ပြင်းထန်စွာဝေဖန်ခံရ၊ စာပေစီစစ်ရေးဘုတ်အဖွဲ့ပြန်လည်ဖွဲ့စည်း

ဥပဒေကြမ်းအသစ်တွင်ပါဝင်သည့် စာနယ်ဇင်းများအပေါ် ကန့်သတ်မှုများနှင့် စာပေစီစစ်ရေးဘုတ်အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်းတို့ကြောင့် အစိုးရမှစာနယ်ဇင်းလွတ်လပ်ခွင့်ကို ဆက်လက်၍ဆိုးဝါးစွာထိန်းချုပ်နိုင်ကွပ်ထားမည်လောဟူသောစိုးရိမ်မှုများမြင့်တက်လာကြသည်။

မတ်လ ၇ ရက်နေ့တွင် အစိုးရကစာနယ်ဇင်းဥပဒေအသစ် "ပုံနှိပ်ထုတ်ဝေရေးဥပဒေ" ကိုပါလီမန်ထဲတွင်အဆိုပြုခဲ့သည်။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီနှင့်မြန်မာနိုင်ငံသတင်းထောက်များအသင်း တို့အပါအဝင်မည်သည့်မီဒီယာအဖွဲ့ကိုမျှ ဆွေးနွေးညှိနှိုင်းခြင်းမပြုလုပ်ပဲ ၁၉၆၂ ခုနှစ် ပုံနှိပ်နှင့်ထုတ်ဝေသူများမှတ်ပုံတင်အက်ဥပဒေနေရာ တွင်အစားထိုးရန် ဥပဒေတခုကိုအစိုးရမှရေးဆွဲခဲ့သည်။ ထိုဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဌာန်းချက်များ ကိုချိုးဖောက်သော၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေနိုင်သော အစီရင်ခံစာများ ထုတ်ဝေဖြန့်ဖြူးခြင်းကို တားမြစ်ကန့်သတ်ထားမှုအပါအဝင် ပိတ်ပင်တားမြစ်ထားမှုတော်တော်များများပါဝင်ပါသည်။ ခွင့်ပြုလိုင်စင်မရှိပဲလုပ်ကိုင်သူများအား ထောင်ဒါဏ် ၆ လချမှတ်မည့်တင်းကြပ်သည့် ပစ်ဒါဏ်ကိုလည်း ၎င်းဥပဒေတွင်ဖော်ပြထားသည်။ ဥပဒေမှ ကန့်သတ်ချက်များသည် မဂ္ဂဇင်းဂျာနယ်များတွင်အဆိပ်အတောက်ဖြစ်စေသော အရေးအသားများအား တားဆီးရန်နှင့် အမျိုးသားအကျိုးစီးပွားကိုကာကွယ်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း အစိုးရပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်က လွှတ်တော်ထဲတွင် ထိုပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းကိုကာကွယ်ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံမှစာနယ်ဇင်းသမားများနှင့် မီဒီယာအဖွဲ့အစည်းများက ထိုဥပဒေသည်စာနယ်ဇင်း လွတ်လပ်ခွင့်ကိုဆိုးဝါးစွာကန့်သတ်နေသောကြောင့်ဟုဆိုကာ ပြင်းပြင်းထန်ထန်ငြင်းဆန်ခဲ့ကြသည်။ ဝေဖန်မှုများ မြင့်တက်လာသည့်အတွက် မတ်လလယ်တွင်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးရွှေမန်းက ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်း နှင့်ပတ်သက်သည့်ဆွေးနွေးငြင်းခုန်မှုကို နောက်ထပ်လွှတ်တော် အစည်းအဝေးအထိရွှေ့ဆိုင်းလိုက်လေသည်။

ဇန်နဝါရီလ ၂၃ ရက်နေ့က အစိုးရသည်၎င်းတို့၏ဆင်ဆာဘုတ်အဖွဲ့ "စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာန" ကို "ပုံနှိပ်ထုတ်ဝေသူများ၏ မှတ်ပုံတင်ခြင်းနှင့်ဖြန့်ဖြူးခြင်းအတွက် ဗဟိုကြီးကြပ်ရေးကော်မတီ (CSCRDPP)" ဟုခေါ်သည့် ဆင်ဆာဘုတ်အဖွဲ့နှင့် ခပ်ဆင်ဆင်တူသော အဖွဲ့တခုနှင့် အစားထိုးခဲ့ကြောင်းကို မတ်လစောစောပိုင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ထိုအသစ်ဖွဲ့စည်းလိုက်သောကော်မတီသည် ထုတ်ဝေခြင်းနှင့်ထုတ်ပြန်ခြင်းများကို စောင့်ကြည့်ကြီးကြပ်ခြင်း၊ ရပ်ဆိုင်းပိတ်ပင်ခြင်း၊ ထုတ်ဝေခွင့်လိုင်စင်ကိုရုတ်သိမ်းခြင်းစသည်တို့အတွက်တာဝန်ရှိပါသည်။ အဖွဲ့ဝင် ၁၂ ဦးပါကော်မတီကို ပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်ကဦးဆောင်ပြီး ပြန်ကြားရေး၊ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန များမှအရာရှိများနှင့် ရဲနှင့်စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များ ပါဝင်ကြပါသည်။ အစိုးရသည်ထို (CSCRDPP)အားဖွဲ့စည်းခြင်းနှင့်ပတ်သက်၍လွှတ်တော်အားအသိပေးခြင်းနှင့် တရားဝင်ကြေငြာခြင်းတို့ ပြုလုပ်ခဲ့ခြင်း မရှိခဲ့ပေ။

လူ့အခွင့်အရေးဆိုင်ရာလိုအပ်ချက်များရှိနေဆဲဟု UN ပြောကြား

မတ်လ ၈ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အို ဂျေကွင်တားနားက UN လူ့အခွင့်အရေးကောင်စီ သို့ပုံမှန်တင်သွင်းသည့်သူ၏အစီရင်ခံစာထဲ၌ နိုင်ငံထဲတွင် ကိုင်တွယ် ဖြေရှင်းခြင်းမရှိသေးသော "ထင်ရှားသည့် လူ့အခွင့်အရေးဆိုင်ရာ လိုအပ်ချက်များ" ရှိနေသေးသည်ဟု ဖော်ပြလိုက် သည်။ ထိုအစီရင်ခံစာတွင် အောက်ပါအဓိကစိုးရိမ်သည့်ကိစ္စများ ပါဝင်ပါသည်။

- အထက်ပိုင်းမှပြုပြင်ပြောင်းလဲမှုများနှင့် အောက်ခြေမှအကောင်အထည်ဖော်မှုတို့အကြားမှ ကြီးမားသောကွာဟမှု
- ကချင်ပြည်နယ်တွင်ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော အရပ်သားများအားတိုက်ခိုက်နေမှုများ၊ ဥပဒေမဲ့သတ်ဖြတ်မှု များ၊ လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုများ၊ ကျိုးကြောင်းမဲ့စိတ်ထင်သလိုဖမ်းဆီးမှုများနှင့်ညှင်းပန်းနှိပ်စက်မှုများ
- ရခိုင်ပြည်နယ်တွင်ရိုဟင်ဂျာများအပေါ်ကျယ်ကျယ်ပြန့်ပြန့်ဖိနှိပ်ခွဲခြားဆက်ဆံနေမှုများ
- နိုင်ငံရေးအကျဉ်းသား ၂၅၀ ကျော်အားထိန်းသိမ်းထားခြင်းနှင့် အချုပ်ခန်းများအတွင်းဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သောညှင်းပန်းနှိပ်စက်မှုများ
- ငြိမ်းချမ်းစွာဆန္ဒပြသူများအား ဆက်လက်ဖမ်းဆီးထိန်းသိမ်းနေမှုများ
- ပြည်သူ့ရုပ်သံထုတ်လွှင့်ခြင်းအတွက် ပြင်းထန်စွာဆင်ဆာဖြတ်တောက်ခြင်းနှင့် ဆင်ဆာဖြတ်တောက်မှုတို့ကို ပြုလုပ် နိုင်ရန်အတွက် အသရေဖျက်မှုဥပဒေများကို တလွဲအသုံးပြုနေခြင်း
- နိုင်ငံအနှံ့အပြားတွင် မြေယာနှင့်အိုးအိမ်အခွင့်အရေးများကိုချိုးဖောက်မှုများ မြင့်တက်လာခြင်း
- တရားစီရင်ရေးသည် အုပ်ချုပ်ရေးအပိုင်းမှ သီးခြားအမှီအခိုကင်းစွာလွတ်လပ်မှုမရှိခြင်း

UNHRC ကမြန်မာနိုင်ငံအတွက် ဆုံးဖြတ်ချက်ချမှတ်

မတ်လ ၂၁ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်တခုကိုတညီတညွတ်တည်းချမှတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်တွင် အောက်ပါကိစ္စများအပေါ်၌စိုးရိမ်ပူပန်မှုများကို ဖော်ပြထားသည်။

- ကျိုးကြောင်းမဲ့စိတ်ထင်သလိုဖမ်းဆီးထိန်းသိမ်းနေခြင်း၊ အတင်းအကြပ်အိုးအိမ်မှစွန့်ခွာစေခြင်း၊ မြေယာသိမ်းယူမှုများ၊ အဓမ္မပြုကျင့်မှုများ နှင့် ညှင်းပန်းနှိပ်စက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ
- ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအခြေအနေနှင့် တည်ရှိနေဆဲ လူ့အဖွဲ့အစည်းများအကြားတင်းမာနေမှုများ
- ကချင်ပြည်နယ်မှဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ၎င်းတို့နှင့်ဆက်စပ်ဖြစ်ပွားနေသည့် ဝတ်ပြုဆုတောင်းရာနေရာများကို မတော်တရော်ပြုလုပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့်နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကိုချိုးဖောက်သည်ဟုစွပ်စွဲထားမှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ

ထိုဆုံးဖြတ်ချက်က နိုင်ငံတကာလူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေတို့ကို ချိုးဖောက်သည်ဟုဖော်ပြထားသော အစီရင်ခံစာများအားလုံးကို "ပြည့်ပြည့်ဝဝ၊ ပွင့်လင်းမြင်သာမှုရှိရှိနှင့် လွတ်လွတ်လပ်လပ်" စုံစမ်းစစ်ဆေးပေးပါရန်အစိုးရအားတိုက်တွန်းထားသည်။ ကျန်ရှိနေသေးသောနိုင်ငံရေးအကျဉ်းသားများအား လုံးကိုလွတ်ပေးရန်လည်း ထိုအစီရင်ခံစာကအာဏာပိုင်များအား တောင်းဆိုထားသည်။ ထိုဆုံးဖြတ်ချက်အရ ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ သက်တမ်းကိုလည်းနောက်ထပ်တနှစ်ထပ်တိုးပေးထားသည်။

နောက်ထပ်မြေယာသိမ်းယူမှုများကို အထောက်အထားမှတ်တမ်းတင်

မတ်လထဲတွင် မြန်မာနိုင်ငံအနှံ့အပြား၌ ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဖြစ်ပွားနေသော မြေယာသိမ်းယူမှုများနှင့် ပတ်သက်သည့် သက်သေအထောက်အထားများပိုမိုပေါ်ထွက်လာခဲ့သည်။

- **မတ်လ ၁** - မြန်မာနိုင်ငံအနှံ့အပြားမှမြေယာသိမ်းယူမှုများအား စုံစမ်းစစ်ဆေးအစီရင်ခံရန်တာဝန်ရှိသောလွှတ်တော်ကော်မရှင်က ၎င်း၏အစီရင်ခံစာကိုအမျိုးသားလွှတ်တော်အားတင်ပြခဲ့သည်။ ထိုအစီရင်ခံစာအရ ၂၀၁၂ ခု ဇူလိုင်လနောင်းပိုင်းမှစ၍ ၂၀၁၃ ခုဇန်နဝါရီလနောင်းပိုင်းအထိတွင် ကော်မရှင်အနေဖြင့် စုစုပေါင်းမြေယာဧက ၂၄၇၀၇၇ ကို စစ်တပ်မှအတင်းအကြပ်သိမ်းယူထားသည်ဟုစွပ်စွဲထားသော တိုင်ကြားမှုပေါင်း ၅၆၅ ခုလက်ခံရရှိခဲ့သည်။
- **မတ်လ ၅** - ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ "မြေကြီးဆုံးရှုံးခြင်း - မြန်မာပြည်အရှေ့ဘက်မှမြေယာပဋိပက္ခများနှင့်စုပေါင်းလှုပ်ရှားမှုများ" ခေါင်းစဉ်နှင့်အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့သည်။ ၂၀၁၁ ခုဇန်နဝါရီလမှ ၂၀၁၂ ခုနိုဝင်ဘာလအတွင်း ကောက်ယူရရှိသောအချက်အလက်များအပေါ် အခြေခံထားသည့်ထိုအစီရင်ခံစာ တွင် ၂၀၁၂ ခုဇန်နဝါရီ၌ ကရင်အမျိုးသားအစည်းအရုံး KNU နှင့်အစိုးရတို့အကြား အပစ်အခတ်ရပ်စဲမှုအစအဖြစ်လက်မှတ်ရေးထိုးပြီးကတည်းက ကရင်လူမျိုးအများစုနေထိုင်သော တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုတို့ တွင်မြေယာသိမ်းဆည်းမှုများ သိသိသာသာမြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်ဟုဖော်ပြထားသည်။ အစိုးရအာဏာပိုင်များရော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကပါ ကူညီပံ့ပိုးပေးထားသော သို့မဟုတ် လုပ်ကိုင်နေကြသော အခြေခံအဆောက်အအုံစီမံကိန်းများ၊ သစ်ခုတ်ခြင်းများ၊ သတ္တုတူးလုပ်ငန်းများနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းကြီးများ၏ အကျိုးဆက်အဖြစ်မြေယာများသိမ်းယူခံနေရ ခြင်းဖြစ်သည်။

ရိုဟင်ဂျာလှေစီးဒုက္ခသည်များဆက်လက်ထွက်ပြေးနေဆဲ

မတ်လထဲတွင် ရိုဟင်ဂျာလှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံ၏ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးလာနေဆဲဖြစ်ပါသည်။

- **မတ်လ ၁** - မြန်မာနိုင်ငံသား ၁၀၈ ဦးအား ၇ ရက်တာမျှအစာရေစာမစားသောက်ရပဲ ပင်လယ်ထဲတွင်နစ်ပတ်မျှမျော ပါနေခဲ့ပြီးနောက် အိန္ဒိယအာဏာပိုင်များက မြောက်အန်ဒမန်ကျွန်းတွင်ခိုလှုံခွင့်ပေးခဲ့သည်။ ပင်လယ်ထဲတွင်ရှိနေစဉ် တွင် ၃ နှစ်အရွယ်ကလေးငယ်တဦး သေဆုံးခဲ့သည်။
- **မတ်လ ၉** - ၁၃ ရက်တာပင်လယ်ခရီးအပြီးတွင် ရိုဟင်ဂျာလှေစီးဒုက္ခသည် ၁၃၈ ဦးအား ပီနန်းကျွန်းကမ်းလွန်တွင် မလေးရှားအာဏာပိုင်များကကယ်ဆယ်ခဲ့သည်။ရိုဟင်ဂျာအမျိုးသားတဦးက သူတို့လှေထွက်ခွာလာစဉ်ပြီး မကြာမီတွင်ပင် ရိုဟင်ဂျာရာဂဏန်းမျှ အခြားလှေ ၄ စီးဖြင့်မြန်မာနိုင်ငံမှထွက်ခွာသွားကြသည်ဟု ပြောကြားခဲ့သည်။
- **မတ်လ ၁၀** - ပင်လယ်ထဲတွင် ၂၅ ရက်တာကြာမြင့်ခဲ့သော ကလေးအယောက် ၄၀ ပါဝင်သည့်ရိုဟင်ဂျာလှေစီးဒုက္ခသည် ၁၃၆ ယောက်အား မလေးရှားအာဏာပိုင်များက ပီနန်းကျွန်းကမ်းလွန်တွင်ကယ်ဆယ်လိုက်သည်။
- **မတ်လ ၁၁** - ထိုင်းအာဏာပိုင်များက ရိုဟင်ဂျာများကိုတင်ဆောင်လာသောလှေနှစ်စင်းအား ပြန်မောင်းထုတ်လိုက်သည်ဟု ဖူးကက်မြောက်ဘက်မှထိုင်းရွာသားများကပြောကြားကြသည်။
- **မတ်လ ၂၂** - မတ်လ ၁၂ ရက်ကတည်းက ရိုဟင်ဂျာများအားတင်ဆောင်လာသောလှေ ၃ စီး မလေးရှားသို့ ရောက်ရှိလာခဲ့သည်ဟု သတင်းများရရှိခဲ့သည်။

ကြမ်းတမ်းသောလှေစီးခရီး၏အန္တရာယ်များအပြင် ရိုဟင်ဂျာလှေစီးဒုက္ခသည်များအပေါ် ထိုင်းရေတပ်မှကျူးလွန်ခဲ့သောပိုမိုရိုင်းစိုင်းကြမ်းတမ်းသည့် အသေးစိတ်လုပ်ရပ်များလည်းပေါ်ထွက်လာခဲ့ပါသည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖန်ငခရိုင်၊ ဆူရင်းကျွန်းသို့ ရိုဟင်ဂျာလှေစီးဒုက္ခသည် ၁၃၃ ဦးရောက်ရှိလာခဲ့သည်။ နောက်တနေ့တွင် ထိုင်းရေတပ်သားများကသူတို့အားကျွန်းမှပင်လယ်ဘက်သို့ဆွဲခေါ်သွားကာပိုမိုသေးငယ်သောလှေများပေါ် သို့ပြောင်းရွှေ့ရန်ကြိုးပမ်းခဲ့သည်။ သက်သေများ၏အဆိုအရ လှေစီးဒုက္ခသည် ၁၂ ဦးခန့်တို့ကရေထဲသို့ခုန်ချကြသည့်အခါတွင် ထိုင်းရေတပ်သားများကသေနတ်ဖြင့်ပစ်ခတ်ခဲ့ရာအနည်းဆုံး ၂ ဦးသေဆုံးခဲ့သည်ဟုဆိုသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ အလုပ်ခွင်မတရားဖိနှိပ်မှုများနှင့်ရင်ဆိုင်နေကြရ

မတရားဖိနှိပ်သောအခြေအနေများကို ကြုံတွေ့နေရသည့်မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သော အစီရင်ခံစာများကြောင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကအစိုးရအား နိုင်ငံခြားတွင်အလုပ်လုပ်ကိုင်နေကြသောၡင်း၏နိုင်ငံသားများကို ပိုမို၍ကာကွယ်ထောက်ပံ့ပေးပါရန်တောင်းဆိုခဲ့ကြသည်။

- **မတ်လ ၂** - နိမ့်ကျသောအလုပ်ခွင်အခြေအနေများနှင့် ခွဲခြားဖိနှိပ်ခံရသောလစာတို့ကြောင့် ဆန္ဒပြခဲ့ကြပြီးနောက် ဂျော်ဒန်နိုင်ငံ အနောက်မြောက်ဘက်ရှိ အာရမ်သာ မှအထည်ချုပ်စက်ရုံစုပါဗိုက်စာ (အလုပ်ကြီးကြပ်သူများ)၏ တိုက်ခိုက်မှုကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂၀၀ တို့အနက် ၄ ဦးကျော်ကျော်ခန့်ဒါဏ်ရာရခဲ့ကြသည်။
- **မတ်လ ၁၀** - ထိုင်းနိုင်ငံ တပ်ခ်ခရိုင် မဲဆောက်ရှိအထည်ချုပ်စက်ရုံတရုံမှ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦးအား လစာကိစ္စအငြင်းပွားမှုကြောင့်အလုပ်မှထုတ်ပစ်လိုက်သည်။
- **မတ်လ ၁၆ / ၁၇** - တရန်းခရိုင်အတွင်းမှ ငါးဖမ်းလုပ်ငန်းသို့လူကုန်ကူးရောင်းချခံထားရသော မြန်မာနိုင်ငံ သား ၁၄ ဦးအားထိုင်းအာဏာပိုင်များမှကယ်ဆယ်ခဲ့ကြသည်။
- **မတ်လ ၁၉** - မတရားဖိနှိပ်သောအလုပ်ခွင်မှထွက်ခွာလာခဲ့ပြီးနောက် အလုပ်ရှင်၏နိုင်ငံမှထွက်ခွါခွင့်မပါရှိသောကြောင့်မြန်မာနိုင်ငံသို့ပြန်မရဖြစ်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၆ ဦးသည်ဆော်ဒီအာရေဗီးယားနိုင်ငံတွင်

သောင်တင်နေရသည်ဟု အစိုးရ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်ဟု သတင်းများရရှိခဲ့ပါသည်။

- **မတ်လ ၂၈** - အလုပ်ရှင်မှသဘောတူညီထားသည့် လစာ၊နေစရာနေရာ စသည်တို့ကိုမထောက်ပံ့ပေးပဲ သူတို့၏ ပတ်စ်ပို့များကိုသိမ်းယူထားသောကြောင့် ထိုင်းနိုင်ငံ ရနောင်းမြို့ ပုဇွန်စက်ရုံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၅၀၀ခန့်တို့က ဆန္ဒပြခဲ့ကြသည်ဟု သတင်းရရှိခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတကာခေါင်းဆောင်များစိတ်ဝင်စားလာအောင် ဦးသိန်းစိန်၏အရောင်းမြှင့်တင်မှုများ

မတ်လတွင် သမ္မတဦးသိန်းစိန်သည် သူ၏နိုင်ငံခြားခရီးစဉ်နှစ်ခုအတွင်း ဥရောပ၊ နယူးဇီလန်နှင့်ဩစတေးလျမှ နိုင်ငံတကာခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ပါသည်။ [*ဦးသိန်းစိန်၏ခရီးစဉ်များ* အကွက်ကိုကြည့်ပါ။] သူ၏ခရီးစဉ်များသည် အကျိုးအမြတ်ရှိသောအကူအညီများ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြုပ်နှံမှုသဘောတူညီချက်များနှင့် ပိတ်ပင်အရေးယူထားမှုများရုတ်သိမ်းသွားစေရန်စည်းရုံးမှုများကို သေချာစေအောင်လုပ်ဆောင်မှုများအပေါ် အဓိကထားခဲ့သည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်နော်ဝေးနိုင်ငံ အော်စလိုမြို့မှစတင်ကာ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယမ်နှင့်အီတလီနိုင်ငံတို့သို့သွားရောက်ခဲ့သော ၁၁ ရက်တာဥရောပခရီးစဉ်ပြီးဆုံးခဲ့သဖြင့် ဦးသိန်းစိန်သည် မတ်လ ၈ ရက်၌ ရန်ကုန်သို့ပြန်လည်ရောက်ရှိလာသည်။ အစိုးရအတွက်နိုင်ငံတကာမှအသိအမှတ်ပြုမှုကိုရရှိရန်နှင့် အလားအလာရှိသောရင်းနှီးမြုပ်နှံသူများအားဆွဲဆောင်နိုင်ရန်ကြိုးပမ်းရာတွင် ဦးသိန်းစိန်သည် မြန်မာနိုင်ငံ၏အခြေအနေနှင့်ပတ်သက်၍ ဆိုးဝါးစွာမှားယွင်းနေသော အချက်အလက်များကိုပေးခဲ့သည်။ မတ်လ ၄ ရက်နေ့တွင် ဩစတြီးယားသမ္မတ Heinz Fischer နှင့်ပူးတွဲ၍ ဗီယင်နာတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဦးသိန်းစိန်က "နိုင်ငံတဝှန်းလုံးတွင်တိုက်ပွဲများ မရှိတော့ပါ" ဟုပြောကြားခဲ့သည်။ ဦးသိန်းစိန်ကအကောင်းများအဖြစ်သာလှည့်ပတ် ပြောကြားခဲ့သော်လည်း EU အရာရှိများက မြန်မာနိုင်ငံရှိထင်ရှားသောကိစ္စများကို ဆက်လက်၍မီးမောင်းထိုးပြခဲ့ကြသည်။ မတ်လ ၅ ရက်နေ့တွင် ဥရောပကော်မရှင်ဥက္ကဋ္ဌ José Manuel Barroso က ပဋိပက္ခများအားအဆုံးသတ်ခြင်း၊ အခြေခံလွတ်လပ်ခွင့်များအား တိုးတက်အောင်ပြုလုပ်ခြင်းနှင့် ရခိုင်နှင့်ကချင်ပြည်နယ်တို့မှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့အပါအဝင် ထင်ရှားသောစိန်ခေါ်မှုများ မြန်မာနိုင်ငံတွင်ရှိနေပါသေးသည်ဟု ပြောကြားလိုက်သည်။

မတ်လ ၁၄ ရက်မှ၂၀ ရက်အထိတွင် ဦးသိန်းစိန်သည် နယူးဇီလန်နှင့်ဩစတေးလျတို့သို့လည်းသွားရောက်ခဲ့ပါသည်။ မတ်လ ၁၈ ရက်နေ့တွင် သမ္မတဦးသိန်းစိန်နှင့်ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဩစတေးလျဝန်ကြီးချုပ် Julia Gillard ကမြန်မာနိုင်ငံအား အကူအညီအနေဖြင့်နောက်ထပ် ဩစတေးလျဒေါ်လာသန်း ၂၀ (အမေရိကန်ဒေါ်လာ ၂၀.၈၄ သန်း) ကူညီထောက်ပံ့ပေးသွားမည်ဟု ကြေငြာခဲ့သည်။ ဝန်ကြီးချုပ် Julia Gillard ကမြန်မာနိုင်ငံတွင် ကာကွယ်ရေးစစ်သံမှူးတဦးလည်းထားရှိသွားမည်ဖြစ်ကာ မြန်မာနိုင်ငံ၌ "ခေတ်မီကျွမ်းကျင် သောကာကွယ်ရေး တပ်မတော်" ဖွံ့ဖြိုးလာစေရန်အတွက်တွန်းအားပေးသွားနိုင်မည်ဟုလည်း မျှော်လင့်ပါသည်ဟုပြောကြားခဲ့သည်။ ဦးသိန်းစိန်အား ဩစတေးလျအစိုးရမှနွေးထွေးစွာ ကြိုဆိုလက်ခံခဲ့သည်နှင့် ဆန့်ကျင်စွာပင်မတ်လ ၁၈ ရက်နှင့် ၁၉ ရက်တို့၌ ကင်ဘာရာနှင့်ဆစ်ဒ်နီတို့သို့သွားရောက်ခဲ့သော ဦးသိန်းစိန်အားပြည်ပရောက်မြန်မာနိုင်ငံသားများကဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဦးသိန်းစိန်၏ခရီးစဉ်

ဥရောပ

မတ်လ ၁ - ဖင်လန်နိုင်ငံ ဟယ်စင်ကီတွင် ဖင်လန်သမ္မတ Sauli Niinisto နှင့်ဆွေးနွေးပွဲပြုလုပ်ခဲ့သည်

မတ်လ ၄ - ဩစတြီးယားနိုင်ငံ ဗီယင်နာတွင် ဩစတြီးယားသမ္မတ Heinz Fisher နှင့်ဆွေးနွေးပွဲပြုလုပ်ခဲ့သည်

မတ်လ ၅ - ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်တွင် ဥရောပကော်မရှင်ဥက္ကဋ္ဌ José Manuel Barroso၊ ဥရောပကောင်စီဥက္ကဋ္ဌ Herman Van Rompuy၊ EU နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ် Catherine Ashton တို့နှင့်သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် ဥရောပပါလီမန်တွင် စကားပြောကြားခဲ့သည်။

မတ်လ ၆ - အီတလီနိုင်ငံ ရောမမြို့တွင် အီတလီသမ္မတ Giorgio Napolitano၊ ဝန်ကြီးချုပ် Mario Monti တို့နှင့်သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

မတ်လ ၈ - မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

နယူးဇီလန်/ဩစတေးလျ

မတ်လ ၁၄ - နယူးဇီလန်နိုင်ငံ အော့ကလန်သို့ရောက်ရှိခဲ့၊ နယူးဇီလန် ဘုရင်ခံချုပ် Jerry Mateparae နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

မတ်လ ၁၅ - နယူးဇီလန်နိုင်ငံ အော့ကလန်တွင် နယူးဇီလန်ဝန်ကြီးချုပ် John Key နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

မတ်လ ၁၈ - ဩစတေးလျနိုင်ငံ ကင်ဘာရာတွင် ဩစတေးလျဝန်ကြီးချုပ် Julia Gillard၊ ဘုရင်ခံချုပ် Quentin Bryce တို့နှင့်သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

မတ်လ ၂၁ - မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

စီးပွားရေး

ရေနံနှင့်ဓါတ်ငွေ့လောင်စာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍသည် မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အကြီးဆုံးအစိတ်အပိုင်းအဖြစ်ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ဖေဖော်ဝါရီလထဲ၌ တရုတ်၊ ဂျပန်၊ စင်္ကာပူ၊ UK နှင့် ဗီယက်နမ်တို့မှမြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၅၃ သန်းကျော်ဖိုးရင်းနှီးမြှုပ်နှံထားကာ ထိုအထဲမှ ၇၅% (အမေရိကန်ဒေါ်လာသန်း ၁၉၀) မှာရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင်ဖြစ်သည်ဟု မတ်လ ၂၃ ရက်နေ့ကသတင်းရရှိခဲ့သည်။

ဧပြီလထဲတွင် ကမ်းလွန်ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက် ၂၅ ခုခန့်၌ ရေနံနှင့်ဓါတ်ငွေ့ရှာဖွေရန် တင်ဒါများကိုအစိုးရမှခေါ်ယူသွားမည်ဖြစ်ကြောင်း အစိုးရပိုင် မြန်မာ့ရေနံနှင့်ဓါတ်ငွေ့လုပ်ငန်း (MOGE) မှ မတ်လ ၄ ရက်တွင်ကြေငြာခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများသည် ကမ်းလွန်ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်များတွင် ပြည်တွင်းပါတနာများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရန်မလိုပဲ ၁၀၀% ရင်းနှီးမြှုပ်နှံသွားနိုင်မည်ဟု အစိုးရအဆင့်မြင့်အရာရှိတဦးကပြောကြားလိုက်သည်။

မတ်လအတွင်း အခြားမြန်မာနိုင်ငံဆိုင်ရာသတင်းများ

၁	၂၀၁၁ ခုနှစ်အောက်တိုဘာလတွင် မဲခေါင်မြစ်အတွင်း၌တရုတ်နိုင်ငံသား ၁၃ ဦးအားသတ်ဖြတ်ခဲ့သည့် လူသိများသောရှမ်းလူမျိုးမူးယစ်ရာဇာ နော်ခမ်းအား ယူနန်ပြည်နယ် ကူမင်းတွင်တရုတ်အာဏာပိုင်များက ဆေးထိုး၍ကွပ်မျက်ခဲ့သည်။
၁	အစိုးရ၏ "ပုံနှိပ်ထုတ်ဝေသူများ၏ မှတ်ပုံတင်ခြင်းနှင့်ဖြန့်ဖြူးခြင်းအတွက် ဗဟိုကြီးကြပ်ရေးကော်မတီ" ကနေ့စဉ်သတင်းစာထုတ်ခွင့်လိုင်စင် လျှောက်ထားလာမှု ၁၇ ခုအနက် ၈ ခုကိုခွင့်ပြုပေးခဲ့သည်။
၁	၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် စစ်တပ်သည်လွှတ်တော်တွင်းမှ ၎င်းတို့၏အမတ်နေရာခွဲတမ်းကို ဆက်လက်ရယူထားနိုင်ပါ

	သည်ဟု သမ္မတဦးသိန်းစိန်ကပြောကြားလိုက်သည်။
၂	အစိုးရသည်တိုင်းရင်းသားလူမျိုးစုများအား ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုခွင့်ပြုပေးကာ သဘာဝအရင်းအမြစ်များခွဲဝေမှုအစီအစဉ်ကိုလည်း စဉ်းစားပေးသင့်သည်ဟုသမ္မတရုံးဝန်ကြီးဦးအောင်မင်းကပြောကြားလိုက်သည်။
၂	အစိုးရခရိုနီများပိုင်သောကုမ္ပဏီများမှ အကောင်အထည်ဖော်နေသည့်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လမ်းများဖောက်လုပ်ရန် ၁၉၈၆ ခုနှစ်ကတည်းကအစိုးရမှသိမ်းယူထားသော လယ်သမား ၁၇၄၂ ဦးထံမှမြေဧက ၁၁၀၀၀ ခန့်တို့အတွက်တိုင်ကြားထားမှုများကို အာဏာပိုင်များမှကိုင်တွယ်ဆောင်ရွက်ပေးပါရန်တောင်းဆိုရန်အတွက် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်တွင်ရွာသား ၇၀၀ ခန့်ကဆန္ဒပြခဲ့ကြသည်။
၂	အစိုးရက တိုင်းရင်းသားလူမျိုးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်ကာ သဘာဝအရင်းအမြစ်များမှရရှိသောအခွန်အခများအားဝေမျှပေးပါမှ မြန်မာနိုင်ငံ၏ပြည်တွင်းပဋိပက္ခများကိုဖြေရှင်းနိုင်လိမ့်မည်ဟု သမ္မတရုံးဝန်ကြီးဦးအောင်မင်းကပြောကြားလိုက်သည်။
၄	UK FCO နိုင်ငံခြားရေးဝန်ကြီး Hugo Swire ကနိုင်ငံရေးအကျဉ်းသားများအား ထိန်းသိမ်းထားခြင်း၊ ကချင်ပြည်နယ်မှပဋိပက္ခများ၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများအားဟန့်တားနှောက်ယှက်မှုများနှင့် အစိုးရမှရိုဟင်ဂျာများအတွက်အခြေခံအခွင့်အရေးနှင့်နိုင်ငံသားဖြစ်ခွင့်တို့ကိုဆက်လက်ငြင်းပယ်နေမှုအပါအဝင် ထင်ရှားသောစိန်ခေါ်မှုများမြန်မာနိုင်ငံတွင် ရှိနေပါသေးသည်ဟု ပြောကြားလိုက်သည်။
၄	တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုကဏ္ဍများတွင်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေးနိုင်ရန်အတွက် ရုရှကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး Sergei Shoigu နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၅	အမျိုးသားလွှတ်တော်က နိုင်ငံခြားအငြင်းပွားမှုဆိုင်ရာဆုံးဖြတ်ချက်များအား အသိအမှတ်ပြုပြဋ္ဌာန်းခြင်းဆိုင်ရာ ၁၉၅၈ ကွန်ဗန်းရှင်းအားလက်မှတ်ရေးထိုးခြင်းကို အတည်ပြုပေးခဲ့သည်။
၇	USAID စီမံခန့်ခွဲရေးမှူး Rajiv Shah ကအမေရိကန်မှမြန်မာနိုင်ငံအားဆက်လက်ပေးအပ်မည့် အကူအညီအထောက်အပံ့များသည်အစိုးရမှဆက်လက်ပြုလုပ်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏အခြေအနေပေါ်တွင် မူတည်ပါသည်ဟုပြောကြားလိုက်သည်။
၇	ရိုဟင်ဂျာဒုက္ခသည်များအား အိမ်အလုံး ၅၀၀ ဆောက်လုပ်ပေးရန် တူရကီမှ NGO TIKA ၏တင်ပြလာသောအစီအစဉ်ကိုကန့်ကွက်သည့်အနေဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်နှင့်မြောက်ဦးမြို့နယ်များတွင် လူထောင်ပေါင်းများစွာတို့ကဆန္ဒထုတ်ဖော်ပြသခဲ့ကြသည်။
၇	ကိုမင်းကိုနိုင်ဦးဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့သည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားမှုပြုလုပ်ရန်အတွက် ချင်းပြည်နယ်၊ တီးတိန်သို့ရောက်ရှိလာခဲ့သည်။
၇	ADB မှထောက်ပံ့နေသောညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်များတွင် ပါဝင်မှုမြင့်တက်လာစေရန်အတွက် မြန်မာလူထုအဖွဲ့အစည်းများ၏ကျွမ်းကျင်မှုဖွံ့ဖြိုးလာစေရန်အကူအညီပေးသည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၂၅၀၀၀ ထောက်ပံ့သွားမည်ဟု ADB ကကြေငြာခဲ့သည်။
၈	စစ်အစိုးရလက်ထက်က ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် "အမှန်တရားဖော်ထုတ်ရေးကော်မရှင်" ဖွဲ့စည်းရေးကိစ္စသည် အစိုးရ၊ နိုင်ငံရေးပါတီများနှင့်တိုင်းရင်းသားအုပ်စုများ အပါအဝင် မြန်မာနိုင်ငံမှမည်သည့်သက်ဆိုင်သူများ၏ လုပ်ငန်းစဉ်တွင်မှမတွေ့ရှိရပါဟု ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဂျေကွင်တားနားကပြောကြားလိုက်သည်။
၉	ဒေါ်အောင်ဆန်းစုကြည်က ပြည်ပရောက်ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင် Sam Rainsy နှင့်ရန်ကုန်တွင်တွေ့ဆုံခဲ့သည်။
၉	ပြည်ပရောက်ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင် Sam Rainsy ကနှစ်နိုင်ငံလုံးတွင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်လာစေရန်ကိစ္စကိုဆွေးနွေးနိုင်ရန်အတွက် NLD ညီလာခံ၏ ပြင်ပတွင်ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သည်။
၁၁	မုံရွာကြေးနီမိုင်းအားဆန္ဒပြသူများအား နိုဝင်ဘာလ ၂၉ ရက်နေ့ အကြမ်းဖက်ဖြိုခွဲခဲ့မှုနှင့်ပတ်သက်၍ တာဝန်ရှိသည်ဟုစွပ်စွဲခံခဲ့ရသည့် သမ္မတဦးသိန်းစိန်အပေါ် ဒေသခံရွာသား ၃ ဦးကတရားစွဲဆိုခဲ့ခြင်းကို စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်မှ တရားရုံးတခုက ပယ်ချခဲ့သည်။
၁၂	အစိုးရရွေးကောက်ပွဲကော်မရှင်က ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီမှတ်ပုံတင်ခြင်းကို အတည်ပြုပေးခဲ့သည်။
၁၂	ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနှင့်မလေးရှားနိုင်ငံတို့မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်သမားအရေးဆိုင်ရာသံမှူးထားရှိသွားရန်စီစဉ်နေသည်ဟု အစိုးရကပြောကြားလိုက်သည်။
၁၂	စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ်တွင် ရွှေရှာဖွေရန်နှင့်ရွှေစီမံကိန်းကိုလုပ်ကိုင်ရန် မြန်မာ့ထာဝရရွှေသတ္တုတွင်းကုမ္ပဏီနှင့်လက်မှတ်ရေးထိုးလိုက်သည်ဟု ကနေဒါအခြေစိုက် Centurion Minerals ကကြေငြာခဲ့သည်။
၁၂	မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ် Derek Mitchell ဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ်သို့သွားရောက်ခဲ့သည့် ၂ ရက်တာခရီးစဉ်ကိုအဆုံးသတ်ခဲ့ကာ ထိုခရီးစဉ်တွင် လူမျိုးဂိုဏ်းဂဏအခြေခံများကြောင့်ဖြစ်ပွားသောအကြမ်းဖက်မှုများ၏

	ဒဏ်ကို ခံခဲ့ရသည့်လူထုအခြေအနေကိုဆန်းစစ်လေ့လာခဲ့ကြသည်။
၁၃	ကချင်ပြည်နယ်ရှိပဋိပက္ခဒဏ်ခံစားခဲ့ရသော လူထုထံသို့အကူအညီများပေးပို့ရန်အစီအစဉ်သည် အစိုးရမှထိုဒေသများသို့ အဖွဲ့အစည်းအနေဖြင့်သွားရောက်ခွင့်ကို ခွင့်မပြုခဲ့သောကြောင့် နှောင့်နှေးခဲ့ရပါသည်ဟု ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ စီမံကိန်းညှိနှိုင်းရေးမှူး Takehiro Umemura ကပြောကြားလိုက်သည်။
၁၄	ချင်းလူမျိုးများအကြားတွင် လူသားစားသည့်ဓလေ့ရှိသည်ဟု ဖော်ပြခဲ့သောရေးသားချက်များကို အစိုးရသတင်းစာများတွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းအတွက် တောင်းပန်ပါရန်သမ္မတရုံးဝန်ကြီးဦးအောင်မင်းက အမျိုးသားလွှတ်တော်အစည်းအဝေးသို့သတင်းစကားပါးခဲ့သည်။
၁၄	မြန်မာနိုင်ငံ ကချင်၊ ရှမ်း၊ ကရင်နီနှင့် ကရင်ပြည်နယ်များတွင် ရေကာတာ ၂၅ ခုဆောက်လုပ်ခြင်းလုပ်ငန်းကို အစိုးရမှအရှိန်မြင့်လုပ်ဆောင်နေသည်ဟု NGO တခုဖြစ်သော မြန်မာ့မြစ်ချောင်းများကွန်ယက် Burma Rivers Networks ကပြောကြားလိုက်သည်။
၁၄	မြန်မာနိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ်နှင့်မူဝါဒညှိနှိုင်းရေးမှူး Patrick Murphy က မြန်မာနိုင်ငံအပေါ်အမေရိကန်၏ပိတ်ဆို့အရေးယူမှုအားလုံးအားမပယ်ဖျက်ခင်တွင် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးခြင်း၊ လူ့အခွင့်အရေးအာမခံချက်ရှိအောင်လုပ်ဆောင်ပေးခြင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့အောင်လုပ်ဆောင်ခြင်း၊ မြောက်ကိုရီးယားနှင့်စစ်ရေးဆက်စပ်နေမှုများကိုဖြတ်တောက်ခြင်း စသည်တို့ကဲ့သို့သောကိစ္စများကို အစိုးရမှဖြေရှင်းရပါလိမ့်မည်ဟုပြောကြားလိုက်သည်။
၁၄	UN အထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက မတ်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်ပြုလုပ်ခဲ့သော အစိုးရနှင့် KIO အကြားဆွေးနွေးပွဲများကိုကြိုဆိုလိုက်ပြီး ကချင်ပြည်နယ်မှပဋိပက္ခများအတွက် စစ်မှန်သော၊ အရှည်သဖြင့်တည်တံ့သောအဖြေကိုရရှိနိုင်ရန်အတွက် နှစ်ဘက်လုံးမှဆတက်ထမ်းပိုးကြိုးပမ်းသင့်သည်ဟု ပြောကြားလိုက်သည်။
၁၅	UNHCR က ၂၀၁၃ ခုနှစ်၏ပထမနှစ်လတွင် ရခိုင်ပြည်နယ်မှလူ ၇၀၀၀ ကျော်ခန့်သည်လှေများဖြင့်ထွက်ခွာသွားပြီးဖြစ်သည်ဟုခန့်မှန်းရသည်ဟု ပြောကြားလိုက်သည်။
၁၅	UN ၏လူသားဖွံ့ဖြိုးမှုဆိုင်ရာအညွှန်း ၂၀၁၃ ကမြန်မာနိုင်ငံကို ၁၈၅ နိုင်ငံအနက် အဆင့် ၁၄၉ သတ်မှတ်ခဲ့ကာ ထိုအဆင့်သည်အာရှနိုင်ငံများတွင် တတိယအနိမ့်ဆုံးအဆင့်သတ်မှတ်မှုဖြစ်ပါသည်။
၁၆	တံတားနီအရေးအခင်း ၂၅ နှစ်မြောက်နှစ်ပတ်လည်နေ့ကိုအခမ်းအနားကို ၈၈ မျိုးဆက်ကျောင်းသားများက ရန်ကုန်တွင်ကျင်းပပြုလုပ်ခဲ့ကြသည်။
၁၆	အာရှရေးရာတရုတ်အထူးသံတမန် Wang Yingfan က မုံရွာကြေးနီမိုင်းသည် လိုအပ်ချက်များစွာရှိနေပြီး တရုတ်ကုမ္ပဏီများအနေဖြင့် သူတို့၏လူမှုရေးတာဝန်ယူမှုအသိစိတ်ကို မြှင့်တင်သင့်ကြောင်းပြောကြားခဲ့သည်။
၁၇	အာဏာပိုင်များ၏ခွင့်ပြုချက်မရပဲ လက်ထပ်ထိမ်းမြားခဲ့၍ဟုဆိုကာ ၂၂ နှစ်အရွယ်ရှိဟင်ဂျာလူငယ်တဦးကို ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ဒေသ ၆ မှ နစက အဖွဲ့ဝင်များကဖမ်းဆီးခဲ့သည်။
၂၀	ဖူးကက်ခရိုင်တွင် ထိုင်းရဲများကရိုဟင်ဂျာယောက်ျား၊ မိန်းမ ၂၅ ဦးအားဘတ်စ်ကားပေါ်မှ ဖမ်းဆီးလိုက်သည်။
၂၀	အမျိုးသားလွှတ်တော်က နိုင်ငံခြားငွေလဲလှယ်မှုလက်မှတ်များ (FEC) အားဖျက်သိမ်းခြင်းကို အတည်ပြုပေးခဲ့သည်။
၂၀	ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း ဖွံ့ဖြိုးရေးအတွက်လမ်းများဖောက်လုပ်ရန်အတွက် နေရာပြောင်းရွှေ့ပေးရန်ဆက်လက်ငြင်းဆန်နေမည်ဆိုပါကတရားစွဲဆိုခံရမည်ဟု တနင်္သာရီတိုင်း ရေဖြူမြို့နယ် ချခန်ကျေးရွာမှရွာသား ၃၀ အားဒေသခံအာဏာပိုင်များကသတိပေးပြောကြားခဲ့သည်။
၂၁	ဥရောပပါလီမန်အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကော်မတီက မြန်မာနိုင်ငံအတွက် Generalized System of Preference (နှစ်သက်ရာကုန်ပစ္စည်းကို အကောက်ခွန်မဲ့သွင်းခွင့်) ကိုထောက်ခံမဲ ၂၈ မဲ၊ ကန့် ကွက်မဲ ၂ မဲဖြင့်အတည်ပြုပေးလိုက်သည်။
၂၁	အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ခေတ္တအမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Joseph Yun က ကချင်ပြည်နယ်မှပဋိပက္ခများနှင့်ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ၏အခြေအနေတို့အပါအဝင် မြန်မာနိုင်ငံတွင် "ကြီးမားသောစိန်ခေါ်မှုများ" ရှိနေဆဲဖြစ်သည်ဟု ပြောကြားလိုက်သည်။
၂၂	အမေရိကန်ပဋိပက္ခနှင့်တည်ငြိမ်စေရေးစွမ်းဆောင်မှုဗျူရို လက်ထောက်ဝန်ကြီး Rick Barton ကမြေမြုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံအား အမေရိကန်မှ အမေရိကန်ဒေါ်လာ ၃ သန်းထောက်ပံ့ပေးသွားမည်ဟု ပြောကြားခဲ့သည်။
၂၂	ထိုင်းနိုင်ငံမြောက်ပိုင်း မဲဟောင်ဆောင်ခရိုင် ဘန်မဲဆူရင်းဒုက္ခသည်စခန်းတွင်မီးလောင်ကျွမ်းခဲ့ရာ ၃၇ ဦးသေဆုံး၍ ၁၁၅ ဦးကျော်ဒါဏ်ရာရရှိခဲ့ကာ အိုးအိမ် ၄၀၀ ပျက်စီးခဲ့ပြီး မြန်မာဒုက္ခသည် ၂၃၀၀ မှာအိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်။
၂၃	သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် PNLO ကိုယ်စားလှယ်အဖွဲ့တို့သည် ရန်ကုန်မြို့၌နှစ်ဘက်တွေ့ဆုံဆွေးနွေးမှု ဒုတိယနေ့တွင် အချက် ၁၀ ချက်ပါသဘောတူညီမှုကိုလက်မှတ်ရေးထိုးခဲ့သည်။
၂၅	အစိုးရ၏ "ပုံနှိပ်ထုတ်ဝေသူများ၏ မှတ်ပုံတင်ခြင်းနှင့်ဖြန့်ဖြူးခြင်းအတွက် ဗဟိုကြီးကြပ်ရေးကော်မတီ" ကနေ့စဉ်သတင်းစာထုတ်ခွင့်လိုင်စင် လျှောက်ထားလာမှု ၁၁ ခုအနက် NLD မှ D-Wave အပါအဝင် ၈ ခုကိုခွင့်ပြုပေးခဲ့သည်။
၂၅	OIC က ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ၏ အခြေအနေဆိုးများကိုမီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆော်ဒီအာရေးဗီး

	ယားနိုင်ငံ ဂျက်ဒ (Jeddah) ရှိဂုင်း၏ရုံးချုပ်တွင် ကမ္ဘာလုံးဆိုင်ရာရှိဟင်ဂျာစင်တာ ကိုဖွင့်လှစ်လိုက်သည်။
၂၆	မြန်မာပြည်အလယ်ပိုင်းမှ အကြမ်းဖက်မှုဒဏ်ခံစားရသူများအား ကူညီထောက်ပံ့ရန်အတွက် အမေရိကန်မှ ဒေါ်လာ ၁၀၀၀၀၀ ပံ့ပိုးပေးသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနမှပြောကြားလိုက်သည်။
၂၆	တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးပဋိပက္ခများအားညှိနှိုင်းဖြေရှင်းရေးနှင့်မြေမြုပ်မိုင်းရှင်းလင်းရေးတို့အပါအဝင် ဒုက္ခသည်များပြန်လည်ပို့ဆောင်ရေးနှင့်သက်ဆိုင်သော အခြေအနေများအားထုတ်နှုတ်ဖော်ပြထားသည့် အချက် ၁၀ ချက်ပါ ကြေငြာချက်တစောင်ကို ကရင်ဒုက္ခသည်များကော်မတီက ထုတ်ပြန်ခဲ့သည်။
၂၇	ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်တွင်ပြုလုပ်သော တပ်မတော်နေ့စစ်ရေးပြချီတက်ပွဲအခမ်းအနားအား တက်ရောက်ခဲ့သည်။
၂၇	တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တပ်မတော်သည်ဂျီနီဗာကွန်ဗန်းရှင်းကိုအတိအကျလိုက်နာခဲ့ကာ တပ်မတော်သားများသည်လည်း မည်သည့်အခါတုန်းကမျှစစ်ရာဇဝတ်မှုများမကျူးလွန်ခဲ့ဘူးပါဟု ပြောကြားလိုက်သည်။
၂၈	မန္တလေးတိုင်း မိတ္ထီလာတွင်ဖြစ်ပွားခဲ့သော မငြိမ်မသက်မှုများအတွင်း ရဲများသည် အဓိကရုဏ်းအခြေအနေကိုအနားမှရပ်၍အေးဆေးစွာကြည့်နေခဲ့သည်ဟု ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ခေါင်းဆောင် ကိုမင်းကိုနိုင်ကစွပ်စွဲပြောကြားလိုက်သည်။
၂၈	အစိုးရ၏လူ့အခွင့်အရေးကော်မရှင်က ကချင်ပြည်နယ်တွင် လူသားချင်းစာနာသည့်အကူအညီများပေးပို့နိုင်ရေးနှင့် ထိုအကူအညီများအတွက်လုံခြုံစိတ်ချရသော လမ်းကြောင်းဖော်ဆောင်ပေးရေးတို့အတွက် တောင်းဆိုလိုက်သည်။
၃၀	အစိုးရ၏ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်တွင်ဖွဲ့စည်းပုံအပြည့်ရုံးများဖွင့်ရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း AP သတင်းဌာနနှင့် ဂျပန် NHK ရုပ်သံထုတ်လွှင့်ရေးဌာနတို့သို့အကြောင်းကြားခဲ့သည်။

မတ်လအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"မြန်မာနိုင်ငံ၏မျက်နှာစာ - ပဋိပက္ခများ၊ အိုးအိမ်မှဖယ်ရှားခံရခြင်းများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် နောက်ဆုံးအခြေအနေများ" Altsean-Burma http://bit.ly/15JqDer

"မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်၏အစီရင်ခံစာ" သောမတ်စ်အိုဂျေကွင်တားနား http://bit.ly/XTRBOc

"မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့်အစီရင်ခံစာ (ဇန်နဝါရီ ၂၀၁၂ - ဒီဇင်ဘာ ၂၀၁၂)" လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) ND-Burma http://bit.ly/ZfN5aV

"၂၀၁၂ ခုနှစ် နှစ်စဉ်အစီရင်ခံစာ" နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/ZURktv

"ဗမာနိုင်ငံ/မြန်မာနိုင်ငံ - ပြုပြင်ပြောင်းလဲရေးအခမ်းအနားကြီးအလယ်မှ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ စုရုံး ခွင့် နှင့် ဖွဲ့စည်းခွင့်များအတွက် ခြိမ်းခြောက်မှုနှင့်ထိန်းချုပ်မှုပုံစံသစ်" Forum Asia http://bit.ly/ZZCstL

"ဆန်းစစ်ရန်လိုအပ်နေပြီဖြစ်သော မြန်မာနိုင်ငံ၏တရားဥပဒေစိုးမိုးရေး" DLA Piper http://bit.ly/VHVl5W

"များလွန်း မြန်လွန်းနေသလား? ဗမာနိုင်ငံ/မြန်မာနိုင်ငံသို့နိုင်ငံခြားအကူအညီများအတွက်ဆုံးဖြတ်ရခက်သည့် အခြေအနေ" Lex Rieffel/James Fox http://bit.ly/YcavNi

"မြေကြီးဆုံးရှုံးခြင်း - မြန်မာပြည်အရှေ့ဘက်မှမြေယာပဋိ ပက္ခများနှင့်စုပေါင်းလှုပ်ရှားမှုများ" ကရင်လူ့အခွင့်အရေး အဖွဲ့ (KHRG) http://bit.ly/12qgXYw

"ကချင်ပဋိပက္ခ - ငြိမ်းချမ်းရေးလှမ်းရမည်" ကူးပြောင်းမှုနှင့်ဆိုင်သောအင်စတီကျူ့ (TNI) http://bit.ly/Wovyij

"မြန်မာနိုင်ငံသံလွင်မြစ်ပေါ်ရှိရေကာတာစီမံကိန်းများ၏လက်ရှိအခြေအနေ" သံလွင်စောင့်ကြည့်ရေးအဖွဲ့ http://bit.ly/XKPA7t

“မြန်မာနိုင်ငံ - မိတ္ထီလာမှ လူ့အဖွဲ့အစည်းများအကြားအကြမ်းဖက်မှုအခြေအနေ အစီရင်ခံစာ ၁ - မတ်လ ၂၅ရက် ၂၀၁၃”
ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာကိစ္စများညှိနှိုင်းဆောင်ရွက်ရေးရုံး (OCHA) http://bit.ly/XCNZwU

“မြန်မာနိုင်ငံ - မိတ္ထီလာမှ လူ့အဖွဲ့အစည်းများအကြားအကြမ်းဖက်မှုအခြေအနေ အစီရင်ခံစာ ၂ (မတ်လ ၂၇ရက် ၂၀၁၃ ထိအခြေအနေ)
ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာကိစ္စများညှိနှိုင်းဆောင်ရွက်ရေးရုံး (OCHA) http://bit.ly/10jFfgY

“မြန်မာနိုင်ငံ - လူ့အဖွဲ့အစည်းများအကြားပဋိပက္ခအချက်အလက်သတင်းလွှာ ၁” နိုင်ငံတကာကြက်ခြေနီနှင့်လခြမ်းနီ အဖွဲ့ချုပ် (IFRC)
http://bit.ly/YUYSum